The Mirror
Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (13-3-2013) (၇၄၂၃)

* ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များ တိုးမြှင့်သုံးစွဲရာတွင် တိုက်ရိုက်အထောက်အကူပြုသော အသုံးစရိတ်များကို ဦးစားပေးသုံးစွဲ။

* ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်။

# နိုင်ငံတော်ဘဏ္ဍာငွေများကို စနစ်တကျ အလေအလွင့်မရှိစေဘဲ ထိရောက်စွာအသုံးချဆောင်ရွက်

## နိုင်ငံ့ဝန်ထမ်းများအပါအဝင် နိုင်ငံသားအားလုံး၏ တစ်ဦးချင်းဝင်ငွေတိုးတက်စေရေး ရည်မှန်းဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၃)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၁၃) အစည်းအဝေးမှာ ပြည်ထောင်စုလွှတ်တော်သို့ အသစ်ပြန်လည်ရေးဆွဲပေးပို့ရမည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပေးကြရန် ဖြစ်ပါတယ်။

၃၁-၁၂-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၃/၂၀၁၂)တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ၇-၁-၂၀၁၃ ရက်နေ့က ပေးပို့ခဲ့ပါတယ်။ ဒီကနေ့အထိ ကျင်းပပြုလုပ်နေဆဲဖြစ်တဲ့ ပထမအကြိမ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆



# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့သည် မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးအပါအဝင် ကိုယ်စားလှယ်အဖွဲ့၊ KIO အမြဲတမ်းဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ် ဦးဆောင်သော KIO ကိုယ်စားလှယ်အဖွဲ့၊ ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) မှ ကိုယ်စားလှယ် လေးဦး၊ SSPP မှ ကိုယ်စားလှယ် နှစ်ဦး၊ RCSS မှ ကိုယ်စားလှယ်နှစ်ဦး၊ NDAA မှ ကိုယ်စားလှယ်နှစ်ဦး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့(PCG)မှ ကိုယ်စားလှယ်လေးဦးနှင့် လေ့လာသူများအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံမှူးကြီး Mr.Wang Zongying နှင့် နှစ်ဦးတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အချက် (၄)ချက်ပါ ပူးတွဲကြေညာချက်တစ်ရပ်ကို နှစ်ဖက်သဘောတူ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပူးတွဲကြေညာချက်**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး အပါအဝင် ကိုယ်စားလှယ်အဖွဲ့နှင့် ကေအိုင်အိုအမြဲတမ်းဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်ဦးဆောင်သော ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့တို့သည် ၂၀၁၃ ခုနှစ် မတ်လ(၁၁၊ ၁၂)ရက်နေ့များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၂။ တွေ့ဆုံဆွေးနွေးပွဲသို့ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)မှ ကိုယ်စားလှယ်လေးဦး၊ SSPP မှ ကိုယ်စားလှယ်နှစ်ဦး၊ RCSS မှ ကိုယ်စားလှယ်နှစ်ဦး၊ NDAA မှ ကိုယ်စားလှယ် နှစ်ဦး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (PCG)မှ ကိုယ်စားလှယ် လေးဦးနှင့် လေ့လာသူများအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံမှူးကြီး Mr.Wang Zongying နှင့် နှစ်ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

၃။ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့သည် ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးခဲ့ကြပြီး အောက်ဖော်ပြပါအချက်များကို သဘောတူညီကြပါသည်။

(က) စစ်မှန်သော နိုင်ငံရေးဆွေးနွေးပွဲများကို စတင်နိုင်ရေးအတွက် အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ယုံကြည်မှုများကိုအခြေခံပြီး ခိုင်မာသော အပစ်အခတ်ရပ်ဆိုင်းရေး ရရှိသည်အထိ ဆောင်ရွက်ရန် သဘောတူညီသည်။

(ခ) ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ တွေ့ဆုံပွဲမှ ရလဒ်အဖြစ် တိုက်ပွဲများကို လျှော့ချနိုင်ခဲ့သည်ဖြစ်ရာ ဆက်လက်၍လည်း ပြဿနာဖြစ်ပွားနိုင်သော ဒေသများရှိ နှစ်ဖက်တပ်ဖွဲ့များဆိုင်ရာ ကိစ္စများကို ဆက်လက်၍ ညှိနှိုင်းဆောင်ရွက်သွားမည်။ လိုအပ်သည့် ညွှန်ကြားချက်အမိန့်များကို နှစ်ဖက်တပ်များသက်ဆိုင်ရာ အောက်ခြေတပ်ဖွဲ့များအထိ ရောက်ရှိအောင် ညွှန်ကြားသွားရန် သဘောတူသည်။

(ဂ) ပဋိပက္ခဖြစ်ပွားသော ရှေ့တန်းစစ်မြေပြင်များကို ကွင်းဆင်းလေ့လာစောင့်ကြည့်နိုင်ရေးအတွက်နှင့် နှစ်ဖက်ပိုမိုနီးကပ်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းစောင့်ကြပ်ရေးရုံးများကို နှစ်ဖက်ညှိနှိုင်း၍ လိုအပ်သလို ထားရှိသွားရန် သဘောတူသည်။

(ဃ) ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ အစည်းအဝေးတွင် သဘောတူညီခဲ့ကြသည်များနှင့် ၂၀၁၃ ခုနှစ် မတ်လ(၁၁၊ ၁၂)ရက်နေ့ အစည်းအဝေးတွင် သဘောတူညီခဲ့ကြသည်များကို ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် သဘောတူသည်။

(င) နောက်တစ်ကြိမ် ဆွေးနွေးမှုကို ၂၀၁၃ ခုနှစ် ဧပြီလ ၁၀ ရက်နေ့မတိုင်မီ ကျင်းပသွားရန် သဘောတူသည်။

၄။ စစ်မှန်သော နိုင်ငံရေးဆွေးနွေးမှုများ တစ်နိုင်ငံလုံးအတိုင်းအတာ ကျင်းပနိုင်ရန်အတွက် လိုအပ်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

**၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်** **ရွှေလီမြို့။**

ထိုကဲ့သို့ အပစ်အခတ်ရပ်ဆိုင်းရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ကြေးမုံ စာတည်းရှုထောင့် ၁၃-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)**

# စာမေးပွဲ အောင်ပွဲဝင်ရေးကူညီပေး

မြန်မာနိုင်ငံတစ်ဝန်းတွင် ယနေ့စတင်သော အချိန်ကာလအတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတော့မည် ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်အသီးသီးတွင် ပညာဆည်းပူးလျက်ရှိသော ကျောင်းသား ကျောင်းသူများ အောင်ပန်းဝင်နိုင်ရန် ကြိုးပမ်းအားထုတ်နေကြသည်။

ပညာရေးဖြင့် ဘဝ၏ အမြင့်ဆုံးပန်းတိုင်ကို တက်လှမ်းနိုင်ရန်အတွက် စက္ကန့်၊ မိနစ်၊ နာရီတိုင်းတွင် ကျောင်းသားလူငယ်များ၏ဘဝအတွက် အသက်တမျှ အရေးကြီးလှ၍ သူ့ထက်ငါအောင်နိုင်ရန် အပြိုင်ကြိုက စာမေးပွဲခန်းဝင်ရန် ပြင်ဆင်နေကြပြီးဖြစ်သည်။

ကျောင်းသား၊ မိဘ၊ ဆရာသုံးဦးတို့၏ သုံးပွင့်ဆိုင်သင်ကြား၊ စီမံလေ့ကျင့် ကျက်မှတ်မှုတို့နှင့် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အားစိုက်ကာ သင်အံ ကျက်မှတ်နေကြခြင်းမှာ အမြင့်ဆုံးဘဝပန်းတိုင်သို့ ရောက်ရှိစေရန်အတွက် ဖြစ်သည်။ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ယူလာကြသူ ကျောင်းသားလူငယ်များသည် မိမိတို့ဖြစ်စေချင်သော အတတ်ပညာရှင်၊ အသိပညာရှင်များဘဝကို ထုဆစ်ပုံဖော်နိုင်ရန်အတွက် နောက်ဆုံးအရည်အချင်းစစ် စာမေးပွဲသည် တက္ကသိုလ်ဝင်စာမေးပွဲပင်ဖြစ်သည်။

ပညာရေးအတွက်အရေးကြီးမှု၊ လိုရာဘာသာရပ်သင်ယူနိုင်ရေး အလေးထားမှုနှင့် ပညာတတ်မြောက်ပြီး အဆင့်အတန်းမြင့်မားရေးတို့ကို တက္ကသိုလ်ဝင်စာမေးပွဲက အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

ထို့ကြောင့် ယခုအချိန်ကာလတွင် တက္ကသိုလ်ဝင်စာမေးပွဲသို့ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် တစ်ဖက်က ထူးချွန်စွာအောင်မြင်အောင် ကြိုးစားနေသကဲ့သို့ အခြားတစ်ဖက်ကလည်း မည်သို့သော စိတ်အနှောင့်အယှက်ဖြစ်စေနိုင်သည့် ပတ်ဝန်းကျင် ဆူညံခြင်း၊ လျှပ်စစ်မီးပျက်ခြင်း၊ ထိတ်လန့်ဖွယ်ရာ မီးလောင်ခြင်း၊ ရန်ဖြစ်ခြင်း အစရှိသည့် ကျောင်းသားလူငယ်တို့ ကြိုးစားမှုအာရုံကို ထိခိုက်စေနိုင်သည့် အကြောင်းကိစ္စများ မဖြစ်ပေါ်စေရန် ဝိုင်းဝန်းဆောင်ရွက်ပေးဖို့ လိုပေသည်။

သို့အတွက်ကြောင့် စာမေးပွဲရာသီကျင်းပနေချိန်တွင် ပတ်ဝန်းကျင်ရှိ အများပြည်သူတို့သည် အနာဂတ်အတွက် သားကောင်းရတနာများဖြစ်လာကြမည့် ကျောင်းသား ကျောင်းသူများအား ကူညီစောင့်ရှောက်သောအားဖြင့် အသိတရားနှင့် သတိများရှိဖို့ လိုအပ်သလို သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ဥပဒေနှင့်အညီ စည်းကမ်းတကျ အထူးကြပ်မတ် ဆောင်ရွက်ပေးကြဖို့လိုမည်။

အဘယ်ကြောင့်ဆိုသော် အချို့သော မြို့နယ်ဒေသများတွင် စာမေးပွဲရာသီချိန်ကို သတိမမူဘဲ အသိတရားနည်းမှု၊ စည်းကမ်းလျော့မှုတို့ကြောင့် ကျောင်းသားကျောင်းသူများ စာမေးပွဲဖြေဆိုရာတွင် အနှောင့်အယှက်ဖြစ်ကြရသည်ကို တွေ့ရှိနေရပေသည်။

ကျောင်းသားကျောင်းသူများ စိတ်အနှောင့်အယှက် ဖြစ်ပေါ်စေတတ်သော ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်မှုတို့ကို သားသမီးချင်း ကိုယ်ချင်းစာနာစိတ်၊ ချစ်ခင်လွယ်ကူစွာ စာမေးပွဲဖြေစေလိုသည့် မွန်မြတ်သော စိတ်ထားများဖြင့် ဝိုင်းဝန်းကူညီပေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ဒုတိယဝန်ကြီးဦးစိုးဝင်း ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ဝပ်ဆိုင်းမွန်း မြန်မာကျောင်းတိုက် ပဓာနနာယကဆရာတော်၏ အန္တိမအဂ္ဂိစျာပနအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် မတ် ၁၂**

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့်အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသော သံဃာတော်များနှင့် အတူ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဝင်း ဦးစီး သည့် စျာပနကျင်းပရေးကော်မတီက ဦးဆောင်ကျင်းပသော ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ဝပ်ဆိုင်းမွန်း မြန်မာကျောင်းတိုက်၏ ပဓာန နာယကဆရာ တော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာသဘ သက်တော်(၉၁)နှစ်၊ ဝါတော်(၇၁)ဝါ၏ အန္တိမအဂ္ဂိစျာပန အခမ်းအနားသို့ မတ် ၈ ရက်မှ ၁၀ ရက်အထိ တက်ရောက်ခဲ့သည်။

မတ် ၈ ရက်တွင် ဖယောင်ကျူးအစီအစဉ်နှင့် သံဃာတော်များက ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ မတ် ၉ ရက်တွင် ရုပ်ကလာပ်တော်အား စံကျောင်းချအခမ်းအနားနှင့် ညပိုင်းတွင် သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ၏ တရားပွဲကျင်းပခြင်း၊ မတ် ၁၀ ရက်တွင် အန္တိမအဂ္ဂိစျာပန အခမ်းအနားအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**(ယာပုံ)**

အဆိုပါအခမ်းအနားများသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အမှူးပြုသော သံဃာတော်ကိုးပါး၊ ထိုင်းနိုင်ငံ ဒုတိယသာသနာပိုင် ဆရာတော်ကြီး စုမ်မဒိပ်ဖရဗုဒ္ဓဇိနဝုမ် အမှူးပြုသော ထိုင်းသံဃာတော်များနှင့် ထိုင်းနိုင်ငံရောက် မြန်မာသံဃာတော်များ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံရောက် မြန်မာပရိသတ် ရှစ်သောင်းကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဘုရားကျောင်းကန် ချွင်းမချန် မီးရန်သတိထားပါ**

# ထိုင်း-မြန်မာ အာရှအဝေးပြေးလမ်းမကြီး ၂၀၁၄ တွင် လုပ်ငန်းများ အပြီးသတ်မည်

**ရန်ကုန် မတ် ၁၂**

ထိုင်း-မြန်မာ ပူးပေါင်းဆောက်လုပ်နေသည့် အာရှအဝေးပြေးလမ်းမကြီးစီမံကိန်းရှိ လုပ်ငန်းများအား လာမည့် ၂၀၁၄ ခုနှစ်တွင် အပြီးသတ်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအတွင်းသို့ ဖြတ်သန်းသွားမည့် အပြည်ပြည်ဆိုင်ရာ အဝေးပြေးလမ်းမကြီး လေးခုရှိသည့်အနက် အာရှလမ်းမကြီး အမှတ် (၁) (AH-1) လမ်းအား ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနယ်စပ် မြဝတီမြို့ကို ဖြတ်သန်းကာ ထိုင်း-မြန်မာ-အိန္ဒိယ သုံးနိုင်ငံဖြတ် လမ်းမကြီးအတိုင်း အိန္ဒိယနယ်စပ်တမူးမြို့အထိ ချိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံ တာဝန်ရှိသူများနှင့် မြန်မာ-ထိုင်း အင်ဂျင်နီယာများ ကျွမ်းကျင်မှုဆိုင်ရာ ညှိနှိုင်းသဘောတူပြီးနောက် အဆိုပါလမ်းပိုင်းရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားပြင်ဆင်ရေးအတွက် ထိုင်းဘတ်ငွေ ၃၅ သန်း၊ မြဝတီ-သဃ်န်းညီနောင် လမ်းပိုင်းပြုပြင်ရေးအတွက် ဘတ်ငွေ သန်း ၁၀၀၊ သဃ်န်းညီနောင်မှ ကော့ကရိတ်အထိ လမ်းဖောက်လုပ်ရေး ဘတ်သန်း ၉၀၀၊ လမ်းဌာနကြီးကြပ်ခအတွက် ဘတ် ၂၅ သန်း၊ အထွေထွေအသုံးစရိတ် ဘတ် ၁၀၆ သန်း စုစုပေါင်း ဘတ် ၁၁၆၆ သန်းအား ထိုင်းနိုင်ငံအစိုးရအဖွဲ့မှ ခွင့်ပြုခဲ့ကြောင်း သိရသည်။

ယင်းကြောင့် အဆိုပါ လုပ်ငန်းသုံးခုအား ဆောင်ရွက်ရန်အတွက် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၃၀ ရက်တွင် အပြီးသတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။ **(ဝဝ၁)**





# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်မြို့သို့ ရောက်ရှိ

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် အက်မက်စ်အစည်းအဝေးနှင့် (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ရန် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှအပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် လာအိုနိုင်ငံ လွမ်ပရာဘွမ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr.Sai Sa Mon Khom Thavong၊ လာအိုနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Dr.Khammoune VIPHONGXAY၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ပြည်နယ်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လွမ်ပရာဘွမ်မြို့ရှိ Manoluck ဟိုတယ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လွမ်ပရာဘွမ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## ကုလသမဂ္ဂအဖွဲ့အစည်းခြောက်ခုမှ အမှုဆောင်ဘုတ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး မစ္စတာအန်တိုနီနိုမား ကွတ်စ်ပေါ်ကို ဦးဆောင်သော ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုများရုံး၊ ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်များမှ အမှုဆောင်ဘုတ်အဖွဲ့ဝင်များအား ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ဝဲပုံ)**



ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစိုးသာ၊ ဦးလှမြင့်ဦး၊ ဦးမောင်မောင်ဆွေ၊ ဦးစိုးနိုင်နှင့် ဒေါက်တာကျော်မြင့်၊ ကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘရာဇီးလ် သံအမတ်ကြီး ဦးဆောင်သည့်အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး မစ္စတာ အရှုက်နီဂန်လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာ၌ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ အနေဖြင့် လွှတ်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၈/၂၀၁၂)
**၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်**
**(၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက်)**

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၅၄/ခ) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ(Democracy and Human Rights Party) အား ၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)၏ မှတ်ပုံတင်အမှတ်မှာ (၆၃) ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

အတွဲ ၃၊ အမှတ် ၁၃၇
၁၉၈၈ ပြည်သူ့အရေးတော်ပုံကြီးမှသည် ၂၀၁၅ ပြည်သူ့အစိုးရ ထူထောင်ရေးဆီသို့
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပါတီကို ဘယ်သူတွေ ဦးဆောင်မှာလဲ
- ကေအိုင်အိုနှင့် အစိုးရ အပစ်အခတ် ရပ်စဲရေး ဦးတည် ဆွေးနွေး
- ရွေးကောက်ပွဲ သင်ခန်းစာ နမူနာအချို့
- ပန်းပေါင်း ၁၀၀ ရှင်သန်စေ ပေါင်းမြက် ၉၉ ပင် ပြန်နုတ်စေ
- အမျိုးသား ပြန်လည် သင့်မြတ်ရေး ဆိုရာဝယ်
- ပြည်သူကို ဦးစားပေး စဉ်းစားမှ ပြည်သူတွေရဲ့ ပြည်သူ့အစိုးရ
- ပုံနှိပ်ထုတ်ဝေလုပ်ငန်း ဥပဒေကြမ်းကို ချက်ချင်းရုပ်ဖို့ လိုပြီ

ထွက်ပြီ



# ရောင်စုံပန်းချီကားချပ်ကြီး၏ နောက်ဝယ်

**ဒေါက်တာ မောင်မောင်သိမ်း**

၄၄ နှစ်ကြာခဲ့ပြီး . . .
(၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ . . .
၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက် . . .
နှင်းငွေ့ဝေ၍ အေးမြသော ဟေမန္တ၏ ဆောင်းဦးရက်များ . . .
ရောင်စုံပန်းများ စိမ်းလဲ့သော မြက်ခင်းပြင်များ . . .
ဒီမိုကရေစီနိုင်ငံတော်သစ်၏ ပထမဆုံးသော နိုင်ငံတကာပွဲကြီး . . .

ဤသည်တို့ ပေါင်းစပ်ပုံဖော်လိုက်သောအခါတွင် လွန်စွာလှပ၍ စိတ်ဝင်စားဖွယ်လည်းကောင်းလှသော ပန်းချီကားကြီးတစ်ချပ် ပေါ်ထွက်လာသည်။ ထိုပန်းချီကားကြီးသည် ကြည့်၍လွန်စွာကောင်းလှသည်။ "လှလိုက်သည့်ဖြစ်ခြင်း" ဟူ၍ ချီးကျူးမည့်သူများ ထောင်သောင်းသိန်း။ သို့သော် . . . ထိုပန်းချီကားကြီးဖြစ်ထွန်းလာစေရန်ကား ကြက်၊ ဘောင်ခတ်၊ ပုံကြမ်းလောင်း၊ ဆေးခြယ်သူတို့ကိုမူ သတိရမိကောင်းမှ ရပါလိမ့်မည်။ ထိုပန်းချီကားကြီးကို တစ်ဦးကောင်း တစ်ယောက်ကောင်း ပန်းချီကျော်ကြီးတစ်ဦးက ရေးဆွဲခြင်းမဟုတ်ဘဲ လူပေါင်း ရာထောင်သောင်းသိန်းချီ၍ ရေးဆွဲဖန်တီးထားခြင်းသာဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်များထဲမှ တစ်ဖွဲ့ကို အကြောင်းတိုက်ဆိုင်၍ မေးမြန်းကြည့်ဖြစ်ခဲ့ပါသည်။

မေး။ ။ ဘယ်အဖွဲ့ကပါလဲ။

ဖြေ။ ။ ဘဏ္ဍာရေးရှာဖွေထိန်းသိမ်းရေးနဲ့ ဆုချီးမြှင့်ရေးအဖွဲ့ကပါ။

မေး။ ။ အဖွဲ့ဝင်တွေကကော ။

ဖြေ။ ။ ဥက္ကဋ္ဌက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါ။ အဖွဲ့ဝင် ကိုးဦး ပါပါတယ်။

မေး။ ။ အဖွဲ့ရဲ့လုပ်ငန်းတာဝန်တွေက ဘာတွေပါလဲ ခင်ဗျာ။

ဖြေ။ ။ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် ဘဏ္ဍာငွေရှာဖွေပေးဖို့၊ ထိန်းသိမ်းဖို့၊ ဆုတံဆိပ်တွေပြုလုပ်ပေးဖို့၊ ချီးမြှင့်ဖို့ တာဝန်တွေပါပဲ အတိအကျပြောရရင်တော့

(က) ဦးစီးကော်မတီ၊ ကော်မတီအသီးသီးအနေဖြင့် ပြည်တွင်းသုံးငွေ၊ နိုင်ငံခြားငွေ အပါအဝင် လိုအပ်သော ဘဏ္ဍာငွေများအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျာထားတင်ပြ၍ စနစ်တကျသုံးစွဲဆောင်ရွက်ခြင်း။

(ခ) SEA Games ပြိုင်ပွဲကြီးအတွက် လိုအပ်သည့် ဘဏ္ဍာငွေနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ရရှိရေးအတွက် ပြည်တွင်းပြည်ပမှ အဓိက ကမကထလုပ်သူ (Main Sponsor)၊ ပူးတွဲကမကထလုပ်သူ (Cosponsor)များ၊ အလှူရှင်များ ရှာဖွေဆောင်ရွက်ခြင်း။

(ဂ) ဆုချီးမြှင့်ရန်အတွက် ဆုတံဆိပ်များနှင့် အထိမ်းအမှတ်အရုပ်များ ပြုလုပ်ခြင်း။

(ဃ) ဆုချီးမြှင့်ရန်အတွက် အလံတင်အဖွဲ့များ၊ ဆုဗန်းကိုင် အမျိုးသမီးငယ်များ စိစစ်ရွေးချယ်ခြင်းနှင့် လေ့ကျင့်ဆောင်ရွက်ခြင်း။

(င) ဆုချီးမြှင့်ခြင်းအခမ်းအနားအတွက် အာဆီယံနိုင်ငံအလံများ၊ နိုင်ငံတော်သီချင်းများရရှိရေး ဦးစီးကော်မတီနှင့် သက်ဆိုင်ရာကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

မေး။ ။ ဘဏ္ဍာငွေ ဘယ်လိုရှာပါသလဲ။

ဖြေ။ ။ ဘဏ္ဍာငွေကို နိုင်ငံတော်ကလည်း ဘတ်ဂျက်ပေးပါတယ်။ ဒီ့အပြင်လည်း နိုင်ငံတကာ အားကစားပွဲတွေလို ကမကထလုပ်သူ (Sponsor) လည်း ရှာပါတယ်။

မေး။ ။ ကမကထလုပ်သူ (Sponsor) ရှာတဲ့ အကြောင်းလေးများ အသေးစိတ်ပြောပြနိုင်မလား။

ဖြေ။ ။ ဟုတ်ကဲ့ပြောပြနိုင်ပါတယ်။ နိုင်ငံတကာ အားကစားပြိုင်ပွဲကြီးတွေမှာ ဘတ်ဂျက်က သုံးကြသလို ကမကထ (Sponsor) ရှာပြီးလည်း သုံးကြပါတယ်။ လန်ဒန်အိုလံပစ်မှာဆိုရင် အားကစားကွင်းတွေအတွက် စပွန်ဆာနဲ့ အားကစားပွဲတွေအတွက် စပွန်ဆာဆိုပြီး ခွဲထားပါတယ်။ ကိုကာကိုလာဖျော်ရည်ဆိုရင်လည်း အိုလံပစ်ပွဲတွေမှာ စပွန်ဆာအဖြစ် ပါလာတာ ၁၉၂၈ အမ်စတာဒမ်အိုလံပစ်ကစပါတယ်။ စပွန်ဆာဆိုတာမှာ ငွေထောက်ပံ့တာ အဓိကပါပဲ။ အချို့ကလည်း သူတို့ထုတ်တဲ့ ကုန်ပစ္စည်းတွေ ထောက်ပံ့ကြတာပါ။ စပွန်ဆာပေးသူကို သူပေးတဲ့ စပွန်ဆာတန်ဖိုးပေါ်မူတည်ပြီး အားကစားကော်မတီက ကြော်ငြာခွင့်၊ ရုပ်သံထုတ်လွှင့်ခွင့်စသဖြင့် ပြန်ပေးပါတယ်။ အချို့ကလည်း မိန်းစပွန်ဆာနဲ့ ပူးတွဲစပွန်ဆာဆိုပြီး ခွဲခေါ်လေ့ရှိသလို အများအားဖြင့်ကတော့ စပွန်ဆာကို ပလက်တီနမ်၊ ရွှေ၊ ငွေ၊ ပုလဲစသည်ဖြင့် လေးမျိုးခွဲပြီးပေးလေ့ရှိပါတယ်။ အများအားဖြင့်ကတော့ စပွန်ဆာတွေကို တိုက်ရိုက်မခေါ်ဘဲ Sponsorship Management Consultant ဆိုတဲ့ ပညာရှင်ကုမ္ပဏီမျိုးကိုခန့်ပြီး သူတို့ကမှတစ်ဆင့် Sponsor တွေကို ဖြန့်ဖြူးခြင်းမျိုး လုပ်လေ့ရှိပါတယ်။ (၂၇) ကြိမ်မြောက် SEA Games မှာတော့ အဲဒီ Sponsorship Management Consultant ကို Tender စနစ်နဲ့ရွေးပြီး Sponsor ဖြန့်ဖြူးတာမျိုးလုပ်ပါမယ်။

မေး။ ။ စပွန်ဆာဆိုလို့ လွယ်လွယ်ထင်မိတာ တော်တော်ကျယ်ပြန့် ခက်ခဲတာပဲ။

ဖြေ။ ။ ဟုတ်ပါတယ်။ နိုင်ငံတကာနဲ့ယှဉ်ပြီး လုပ်ရတော့ ကျယ်ပြန့် ခက်ခဲပါတယ်။ Sponsorship Management လို ပညာရပ်မျိုးရှိနေတယ်ဆိုတာတောင် အံ့သြစရာပါပဲ။ အဲဒီပညာရှင်တွေကမှသာ Sponsorship ရဖို့ နိုင်ငံတကာဈေးကွက်တွေမှာ ဘယ်လိုရှာရမယ်၊ ဘယ်လိုဈေးနှုန်းသတ်မှတ်ပြီး ဘယ်လိုအခွင့်အရေးတွေ ပေးရမယ်၊ event management ဘယ်လိုလုပ်ရမယ်ဆိုတာ သိပါတယ်။ Master of Business Administration (MBA) ဘွဲ့ကို အချို့နိုင်ငံမှာ Sports Management ဘာသာရပ်နဲ့ ပေးတာတွေတောင် ရှိပါတယ်။

မေး။ ။ လူကြီးမင်းတို့ ဆပ်ကော်မတီအနေနဲ့ ဘဏ္ဍာငွေနဲ့ ပတ်သက်ပြီး အခြားလှုပ်ရှားမှုတွေရော ရှိပါသေးလား။

ဖြေ။ ။ ရှိပါတယ်။ ဘဏ္ဍာငွေရှာရာမှာ စေတနာသဒ္ဓါတရားထက်သန်ပြီး တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့သူတွေက အားကစားပွဲကြီးတွေအတွက် တစ်ဖက်တစ်လမ်းက ပါဝင်လှူဒါန်းလိုတာတွေကို လက်ခံဖို့၊ ပါဝင်လှူဒါန်းလိုသူတွေကို ရှာဖွေဖို့ပါပဲ။ လှူတယ်ဆိုတဲ့ စကားထက် ပါဝင်ဖြည့်ဆည်းခြင်း (Contribution) လို့သုံးရင် ပိုမှန်လိမ့်မယ် ထင်ပါတယ်။ စေတနာဆိုတော့ အသိအမှတ်ပြုပေးရမှာပါ။

မေး။ ။ ဘဏ္ဍာငွေအပိုင်းကတော့ ပြည့်စုံသွားပြီလို့ထင်ပါတယ်။ အခြားတာဝန်ဥပမာအားဖြင့် ဆုတံဆိပ်ကိစ္စတွေကော ရှိပါသေးသလား။

ဖြေ။ ။ ရှိပါတယ်။ အားကစားပွဲကြီးမှာ သုံးမယ့်ကားစီးရေ ၄၀၀ ကျော်ကို ဝယ်ယူဖို့ စီစဉ်ရတဲ့ကိစ္စပါ။ ဒီကားတွေကို ဆီးဂိမ်းမှာတင်မကဘဲ နောင်နှစ်ကျင်းပမယ့် အာဆီယံထိပ်သီးအစည်းအဝေးတွေမှာရောပြီးရင် ဝန်ထမ်းသယ်ယူပို့ဆောင်ရေး ဒါမှမဟုတ် လူထုသယ်ယူပို့ဆောင်ရေးကဏ္ဍတွေမှာကော အသုံးချလို့ ရပါတယ်။ ဒီကားတွေဝယ်ဖို့ ဂျပန်၊ ကိုရီးယား၊ တရုတ်သံရုံးတွေနဲ့ ဆက်သွယ်ပြောကြားထားရာမှာ ယခုအထိ ဂျပန်သံရုံးကပဲ ပြန်ကြားလာပြီး ဂျပန်ကုမ္ပဏီခြောက်ခုက စာရင်းပေးပါတယ်။ ဒီကုမ္ပဏီခြောက်ခုနဲ့ ဆွေးနွေးပြီး လိုတဲ့အချက်အလက်တွေရယူပြီးပါပြီ။ သတင်းစာတွေထဲမှာ တင်ဒါခေါ်ယူပြီး ဆောင်ရွက်နေပါတယ်။ ပြည်တွင်းပြည်ပ မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါတယ်။

မေး။ ။ ဆုတံဆိပ်ကိစ္စတွေကော။

ဖြေ။ ။ ဆုတံဆိပ်နဲ့ ပတ်သက်လို့ကတော့ ပြည်တွင်းဈေးနှုန်းက တံဆိပ်ချည်းသက်သက်(ဖဲပြားနဲ့ ဘူးမပါပဲ) လေးသောင်းဝန်းကျင်ကျပါတယ်။ ဂျပန်နိုင်ငံဒုတိယဝန်ကြီးချုပ်နဲ့ ဘဏ္ဍာရေးဝန်ကြီး Mr. ASO မြန်မာနိုင်ငံလာတဲ့ အခါမှာ ဂျပန်အစိုးရဒင်္ဂါးတွေကို သွန်းလုပ်ပေးတဲ့ Japan Mint ဆိုတဲ့ ဂျပန်အစိုးရပိုင်ကုမ္ပဏီက လုပ်ပေးနိုင်တယ်လို့ ပြောခဲ့ပါတယ်။ ဈေးနှုန်းတောင်းယူကြည့်ပြီး ဝယ်မယ်မပြောဘဲ ဈေးဆစ်ကြည့်ပါတယ်။ လေးခါဈေးဆစ်ကြည့်တဲ့အခါမှာတော့ ရွှေ၊ ငွေ၊ ကြေး တစ်စုံကို တစ်ခုပျမ်းမျှ ကျပ် လေးသောင်းသုံးထောင် ဝန်းကျင်နဲ့ ဖဲပြား၊ ဘူး၊ သဘော်ာခအပြီးအပါအဝင် ဈေးနှုန်းကမ်းလှမ်း လာပါတယ်။ Japan Mint က တံဆိပ်တွေကို အရည်ကျို ပုံသွန်းမှာ မဟုတ်ဘဲ ရွှေဆိုရင် ရွှေပြား၊ ငွေဆိုရင် ငွေပြား၊ ကြေးဆိုရင် ကြေးပြားတွေကို Press လုပ်ပြီး ထုတ်ပေးတာ။ အိုလံပစ်အားကစားပွဲကြီး အချို့ရဲ့ ဆုတံဆိပ်တွေကိုလဲ Japan Mint ကပဲလုပ်ပေးခဲ့တာပါဘဲ။ ဒီဈေးနဲ့ကတော့ ဂျပန်နိုင်ငံက မြန်မာနိုင်ငံကိုကူညီတဲ့သဘောလုပ်ပေးတာပါ။ ဆိုင်ရာကော်မတီကို တင်ပြဆောင်ရွက်သွား ပါမယ်။

မေး။ ။ လုပ်ငန်းတာဝန်များတဲ့ကြားက ယခုလိုဖြေကြားပေးလို့ ကျေးဇူးတင်ပါတယ်။

ဖြေ။ ။ ကျွန်တော်တို့ ဆပ်ကော်မတီအနေနဲ့လည်း ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေကို ပြည်သူလူထုထံ တင်ပြခွင့် ရလို့ ကျေးဇူးအထူးတင်ပါတယ်။ လူကြီးတွေ တဖွဖွမှာကြားနေတဲ့ ပွင့်လင်းမြင်သာမှုရှိအောင် လုပ်ဆောင်ခွင့်ရသွားတာပါပဲ။ ။

**မီးမှန်သမျှသုံးတတ်က မုချမီးဘေးစဉ်ကင်းဝေး**

**မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်**

## စစ်တက္ကသိုလ် အမှတ်စဉ် (၂၅) ပိုလ်လောင်းသင်တန်း ဆရာကန်တော့ပွဲနှင့် နှစ်ပတ်လည် တွေ့ဆုံပွဲ ကျင်းပမည်

စစ်တက္ကသိုလ် အမှတ်စဉ် (၂၅) ပိုလ်လောင်းသင်တန်း၏ ဆရာကန်တော့ပွဲနှင့် နှစ်ပတ်လည်တွေ့ဆုံပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ခန်းမ၌ ၃၀-၃-၂၀၁၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ မိသားစုများနှင့်အတူ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မှန်သောသတင်းစကား နေ့တိုင်းကြားပြီး
ဝိုင်းခြားနိုင်းယှဉ် အရှိအတိုင်းမြင်ဖို့

သတင်းစာ

မကြာမီ ... ပြည်သူ့ရှေ့မှောက်
ရောက်ရှိလာပါတော့မည်။

- အမြို့မြို့အနယ်နယ်မှ သတင်းများ၊ သတင်းဓာတ်ပုံများ၊ အယ်ဒီတာ့ထံပေးစာများ၊ သတင်းဆောင်းပါးများ၊ ဝေဖန်အကြံပြုချက်များနှင့် ကာတွန်းများ ရေးသားပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
- အနယ်နယ်အရပ်ရပ်ရှိ သတင်းစာဖြန့်ချိလိုသူများ၊ ကြော်ငြာထည့်သွင်းလိုသူများ၊ အချုပ်ပိုကြော်ငြာကိုယ်စားလှယ်လုပ်လိုသူများ စတင်ဆက်သွယ်နိုင်ပါပြီ။

ပြည်ထောင်စုနေ့စဉ်သတင်းစာတိုက်
မေတ္တာလမ်းနှင့် သခင်ဖိုးလှကြီးလမ်းထောင့်၊ ၁၄/၁ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁ ၅၅၀၀၇၅၀၊ ၀၁ ၅၅၀၀၇၅၁၊ ၀၁ ၅၅၀၀၇၅၂။
Email - uniondaily@gmail.com

# ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ကုလသမဂ္ဂအမှုဆောင်ဘုတ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုများရုံး၊ ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့မှ Ms. Merete Dyrud ခေါင်းဆောင်သည့် အမှုဆောင်ဘုတ်အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် ကုလသမဂ္ဂမှ ပါဝင်ကူညီဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ကုလသမဂ္ဂအမှုဆောင်ဘုတ်အဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်ဖေ၊ ဦးသိန်းဝင်း၊ ဒေါက်တာမြင့်ကြည်၊ ဦးညွန့်တင်၊ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ ဦးဆိုင်ပေါင်းနပ်၊ ဒေါ်ခင်ဝိုင်းကြည်နှင့် ဦးဝင်းနောင်၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



MRTV-4 ရုပ်မြင်သံကြား
အစီအစဉ်အကျဉ်း
၁၃-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၅း၄၀ | "အမြတ်ဆုံးရတနာကိုးကွယ်ပါ" တရားတော် (ဆရာတော်အရှင်ကေသရိန္ဒ) |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၀ | UNITED PLAZA Soft Opening Ceremony |
| ၁၁း၁၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၂း၁၅ | Minute to Win It |
| ၃း၄၅ | ရေအတွက်ဆို AUTO |
| ၄း၂၅ | Happy Time Happy Lesson |
| ၆း၁၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်"(အပိုင်း-၃) |
| ၈း၁၅ | For Tunes Lyrics Contest |
| ၈း၄၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၄၇) |
| ၉း၂၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှ ပေးစွမ်းသော" (အပိုင်း-၁) |
| ၁၁း၄၅ | World of Knowledge (Expedition Wild Yellow Stone Winter) |


# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ နှိုင်းယှဉ်သုံးသပ်တင်ပြခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၁၂**

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကြီးမှူးကျင်းပသည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ နှိုင်းယှဉ်သုံးသပ်တင်ပြခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ Orchid Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဒုတိယဥက္ကဋ္ဌ (၂)ဦးကျော်ဦး(ပါရမီစာအုပ်တိုက်)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးအောင်(ပြည့်စုံစာအုပ်တိုက်)က လက်ရှိရေးဆွဲထားသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် တည်ဆဲဥပဒေဖြစ်သည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေတို့ကို နှိုင်းယှဉ်သုံးသပ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသင်းအလုပ်အမှုဆောင် ဦးရဲမြင့်(ချမ်းသာစာပေနှင့် ပုံနှိပ်တိုက်)က ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းပါ ထုတ်ဝေသူများ သိသင့်သည့် ဥပဒေပါ ဖွင့်ဆိုချက်များကို ရှင်းလင်းတင်ပြပြီး အသင်းအတွင်းရေးမှူး (၁)ဦးသိမ်းစိုး(သီဟရတနာစာပေ)က နိဂုံးချုပ်စကား ပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ အသင်းဝင်များက ဥပဒေကြမ်းနှင့် ပတ်သက်၍ မိမိတို့၏ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စာဖြင့် ပွင့်ပွင့်လင်းလင်း ရေးသားအကြံပြု တင်ပြကြသည်။



ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ နှိုင်းယှဉ်သုံးသပ်တင်ပြခြင်းအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် ဆွေးနွေးအကြံပြုချက်များအရ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို ထောက်ခံကြောင်း သဘောထားထုတ်ပြန်ချက် (၁/၂၀၁၃)ကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းအတွက် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ သဘောထားထုတ်ပြန်ချက် (၁/၂၀၁၃)

**နေ့စွဲ။ ။ ၂၀၁၃၊ မတ်လ၊ ၁၂ ရက်**

၁။ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတွင် ပါဝင်သော အဖွဲ့ဝင်များမှာ စာပေထုတ်ဝေရေးလုပ်ငန်းတွင် နှစ်ပေါင်းများစွာ တစိုက်မတ်မတ် လုပ်ကိုင်နေသူများ ဖြစ်ကြပါသည်။

၂။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က အများပြည်သူ လေ့လာအကြံပြုနိုင်ရန် သတင်းစာတွင် ဖော်ပြထားသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းသည် စာအုပ်ထုတ်ဝေရေးလောက၏ရပ်တည်ရေးကို ဥပဒေကြောင်းအရ အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။

၃။ တည်ဆဲဥပဒေများဖြစ်သည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနှင့် ၁၉၃၁ခုနှစ် ပုံနှိပ်သူများ (အရေးပေါ်အာဏာ) ဥပဒေများနှင့် နှိုင်းယှဉ်ကြည့်ပါက ထုတ်ဝေသူများအနေဖြင့်လည်း ပိုမိုလွတ်လပ်ပျော့ပျောင်းစွာ လုပ်ကိုင်နိုင်ခွင့်များ ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ လက်ရှိထုတ်ပြန်ထားသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အမှုဆောင်များက ထောက်ခံပါသည်။

**(သတင်းစဉ်)**

## သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် မတ် ၁၂**

ဦးကျော်ငြိမ်းသည် သန်လျင်ဂေါက်ကလပ်၌ မတ် ၅ ရက်တွင် ကစားဖော်များဖြစ်ကြသော ဦးဇော်ဝင်းထွန်း၊ ဦးမြတ်ဗိုလ်ဗိုလ်ဝင်း၊ ဦးတင်အောင်စန်း၊ ဦးခိုင်ဝင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V1 (No.1) ဘောလုံးအား MIZUNO Sandwedge တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက်၁၁၀ အကွာရှိ ကျင်းအမှတ် (၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

(၅၂၇)

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
အရိုးအကြော၊ တင်ပါးဆုံဆစ် နှင့် ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသမှုအစီအစဉ်
အရိုးအကြော၊တင်ပါးဆုံဆစ်နှင့် ဒူး ဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသမှု (Hip & Knee Joint Replacement)နှင့် Ilizarov နည်းပညာသစ်ဖြင့်အရိုးရှည်အောင်ခွဲစိတ်ကုသမှုတို့ကို မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးတို့ပူးပေါင်း၍
**မတ်လ (၁၆) ရက် မှ (၁၈) ရက်နေ့အထိ** ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်၊
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၁

## (၆၇)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။



## လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီစည်းဝေး

**နေပြည်တော် မတ် ၁၂**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ဇော်ဦးနှင့် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိစ္စရပ်များအား ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မန္တလေး၌ စက်သုံးဆီဆိုင်မီးလောင်

**မန္တလေး မတ် ၁၂**

မန္တလေးမြို့(၁၉)လမ်း၊(၈၆)လမ်းနှင့်(၈၇)လမ်းကြားရှိ သက်တံ့ရောင် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်တွင် မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီမိနစ် ၅၀ ခန့်တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ပလတ်စတစ်ဓာတ်ဆီပုံးမှ ဂါလန်ခွက်သို့ ထည့်ရာတွင် တည်ငြိမ်လျှပ်စစ်ကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု မီးသတ်တပ်ဖွဲ့မှ သိရသည်။

ဆီဆိုင်အနီးရှိ လူနေအိမ်များသို့ ကူးစက်လောင်ကျွမ်းမှုမရှိဘဲ ၁၅ ပေ×ပေ ၄၀ အကျယ်ရှိ နံကပ်နှစ်ထပ်သွပ်မိုး စက်သုံးဆီအရောင်းဆိုင်အတွင်းရှိ မျက်နှာကြက်၊ သုံးထပ်သားအခန်းဖွဲ့ အကာအရံ၊ ပရိဘောဂအချို့နှင့် ဓာတ်ဆီဂါလန် ၅၀၊ ဒီဇယ် ၂၅ ဂါလန် မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုဖြစ်ပွားလျှင် ဖြစ်ပွားချင်း မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ကြပြီး မီးသတ်ကား ၁၁ စီး၊ မီးသတ်ဝန်ထမ်း ၁၀၀ ခန့်ရောက်ရှိကာ ပြည်သူများနှင့် ပူးပေါင်းမီးငြိမ်းသတ်ကြရာ ညနေ ၃ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးသွားသည်။ မီးညွန့်ကျိုးပြီးနောက် ကိုထွန်းထွန်းပိုင် သက်တံ့ရောင် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်တွင် သိုလှောင်ထားသော ငါးဂါလန်ဆံ့ဓာတ်ဆီ၊ ဒီဇယ်ဆီဂါလန် ပုံး ၅၀ ခန့်နှင့် ရေသန့်ဘူးများနှင့် ထည့်ထားသော ဓာတ်ဆီဘူးများကို တွေ့ရှိခြင်းကြောင့် အနီးရှိရပ်ကွက်ပြည်သူများ ထိတ်လန့်တကြားဖြစ်ကြရသည်။

အဆိုပါဓာတ်ဆီပုံးများ၊ ဓာတ်ဆီဘူးများသို့ ကူးစက်လောင်ကျွမ်းခြင်း မရှိခြင်းကြောင့်သာ ဘေးအိမ်များသို့ ကူးစက်လောင်ကျွမ်းမှု မရှိခဲ့ဘဲ စက်သုံးဆီ အရောင်းဆိုင်ကိုသာ မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ခြင်းကြောင့် အမျိုးသမီးနှစ်ဦး သတိလစ်မေ့မြောကာ မီးသတ်အရာရှိတစ်ဦး မှန်ကွဲရှ ဒဏ်ရာရခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်ပြီး ဆိုင်အလုပ်သမားဖြစ်သူ ကိုဟိန်းသီဟ (၂၄)နှစ်အား ပုဒ်မ ၂၈၅ ဖြင့် အမှတ် ၅ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(၀၀၂)**

**မီး သတိပြု**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၉/၂၀၁၃)
၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၁)တွင်ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| **ကရင်ပြည်နယ်လွှတ်တော်** | | |
| (၁) ကြည်း၂၈၂၆၁<br>ဗိုလ်မှူး ထွန်းထွန်းဦး | (အစား) | ကြည်း၂၉၇၆၄<br>ဗိုလ်မှူး ကျော်ကျော်ဦး |
| **ပဲခူးတိုင်းဒေသကြီးလွှတ်တော်** | | |
| (၂) ကြည်း ၃၃၁၈၁<br>ဗိုလ်မှူး အောင်ကျော်ကျော်စိုး | (အစား) | ကြည်း ၃၃၅၃၁<br>ဗိုလ်မှူး နိုင်ဝင်းဌေး |
| **မွန်ပြည်နယ်လွှတ်တော်** | | |
| (၃) ရေ ၃၇၃၂<br>ဗိုလ်မှူး သန်းလွင် | (အစား) | ရေ ၃၇၀၀<br>ဗိုလ်မှူး သိန်းဇော် |
| **ရခိုင်ပြည်နယ်လွှတ်တော်** | | |
| (၄) ရေ ၃၅၇၅<br>ဗိုလ်မှူး ခွန်မျိုးမြရှိန် | (အစား) | ရေ ၄၀၆၂<br>ဗိုလ်မှူး ကောင်းမြတ်စိုး |
| (၅) ရေ ၃၇၀၆<br>ဗိုလ်မှူး ကျော်သက်နိုင် | (အစား) | ရေ ၃၉၀၀<br>ဗိုလ်မှူး စိုးပိုင် |
| **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်** | | |
| (၆) ရေ ၃၆၂၀<br>ဗိုလ်မှူးကျော်ဝင်းလှိုင် | (အစား) | ရေ ၃၆၄၁<br>ဗိုလ်မှူး အောင်ကျော်လွင် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ သဘောထားထုတ်ပြန်ချက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအား ၂၀၁၃ ခုနှစ် မတ်လ ၁၁ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။

၂။ ထို့အပြင် တင်ပြပါစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီတစ်ရပ် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၃ ခုနှစ် မတ်လ ၁၁ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပါသည်။

၃။ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်အနေဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာတွင် ဖော်ပြအကြံပြုထားသော မြေယာလျော်ကြေးကိစ္စများ၊ စိုက်ပျိုးမြေပြန်လည် ဖော်ထုတ်ရေးကိစ္စများ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့ ချုပ်ဆိုထားသော စာချုပ်အား ပြန်လည်ပြင်ဆင်ချုပ်ဆိုရေးကိစ္စများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု/ ထုတ်လုပ်မှု/ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှု အပြည့်ပြည့်ဆိုင်ရာ လက်မှတ်များရရှိရေး ကိစ္စရပ်များ၊ ဒေသခံလူထုအတွက် အကျိုးကျေးဇူးရရှိစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ဆာလ်ဖျူရစ်အက်စစ်စက်ရုံဆိုင်ရာ ကိစ္စရပ်များ စသည့်အကြံပြုချက်များကို ဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည့်အပြင် နိုင်ငံတကာအဆင့်မီ ပြည်ပကျွမ်းကျင်သူ ကုမ္ပဏီများအား ငှားရမ်း၍ စနစ်တကျ ဆောင်ရွက်သွားပါမည်။

၄။ ထိုသို့ ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်**
**၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အလုပ်သမားအများဆုံး သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံများတွင် အလုပ်သမား သံအရာရှိများထားရှိနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၂

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို ယနေ့တွင် ကျင်းပရာ မေးခွန်း(၃)ခုကို မေးမြန်းဖြေကြားကြသည်။**

ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးက ဂျော်ဒန်နိုင်ငံ Ramtha မြို့ CMJ အထည်ချုပ်စက်ရုံတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်ထားရှိမှုများအား သိရှိလိုကြောင်းမေးမြန်းရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ဂျော်ဒန်နိုင်ငံ Ramtha မြို့ Century Miracle အထည်ချုပ်စက်ရုံ၌ ၁၄-၂-၂၀၁၃ ရက်တွင် စက်ရုံမှကျွေးမွေးသည့် နေ့လယ်စာတွင်ပါရှိသော ပဲဟင်းစားသုံးပြီးနောက် အခန့်မသင့်၍ မြန်မာလူမျိုး (၃၀)ခန့်နှင့် မာဒါဂါစကာလူမျိုး အလုပ်သမား (၁၀၀)ခန့် ဝမ်းသွားခဲ့ရာမှ မြန်မာအလုပ်သမားများနှင့် အလုပ်ရှင်တို့အကြား အငြင်းပွားဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပါကြောင်း၊ ထို့နောက် မြန်မာအလုပ်သမားများက ဘာသာစကားမတူညီမှုကြောင့် ကြုံတွေ့ရသည့် အခက်အခဲများ ဖြေရှင်းပေးရန်၊ အစားအစာများ အဆင်ပြေမှုရှိစေရေး ဆောင်ရွက်ပေးရန်၊ Supervisor များတွင် မြန်မာများအား ခန့်ထားပေးရန်၊ အခြေခံလစာတိုးမြှင့်ပေးရန်တို့ကို အဓိကတောင်းဆိုခဲ့ပါကြောင်း၊ စက်ရုံစီမံခန့်ခွဲမှုအဖွဲ့နှင့်ညှိနှိုင်းခဲ့ရာ အခြားတောင်းဆိုချက်များအား လိုက်လျောပေးမည်ဟု ပြောကြားခဲ့သော်လည်း အခြေခံလစာ အမေရိကန်ဒေါ်လာ (၁၅၅) မှ (၂၀၀) သို့ တိုးမြှင့်သတ်မှတ်ပေးရန် တောင်းဆိုမှုမှာ ညှိနှိုင်းမရရှိသဖြင့် မြန်မာအလုပ်သမားများ အလုပ်မဆင်းဘဲ နေခဲ့ကြပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြောကြားရာ၌ စက်ရုံစီမံခန့်ခွဲမှု မန်နေဂျာက အဆိုပါစက်ရုံတွင် လူမျိုး (၇)မျိုး အလုပ်လုပ်ကိုင်လျက်ရှိသည့်အနက် အခြားနိုင်ငံသားများလည်း အလားတူအမေရိကန်ဒေါ်လာ (၁၅၅) ကိုသာ ရရှိပါကြောင်း၊ အဆိုပါလစာအား ILO နှင့် ညှိနှိုင်းသတ်မှတ်ထားခြင်းဖြစ်ပါကြောင်း၊ အလုပ်ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိပါက စက်ရုံမှ လေယာဉ်လက်မှတ်များ ဝယ်ပေးမည်ဖြစ်ကြောင်း၊ ပြန်လိုသည့်လူများ နိုင်ငံကူးလက်မှတ်များ လာရောက်ပေးရန် သံရုံးသို့ဆက်သွယ်ပြောကြားခဲ့ပါကြောင်း။

မြန်မာသံရုံး၏ အဆင့်ဆင့်ညှိနှိုင်းဆောင်ရွက်ပေးချက်အရ (၇-၃-၂၀၁၃) ရက်တွင် မြန်မာအလုပ်သမား (၁၀၀) ခန့်သည် လုပ်ငန်းခွင်သို့ ဝင်ရောက်ခဲ့ပြီး ၎င်းနေ့ညနေတွင် ဂျော်ဒန်နိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာနနှင့် International Labour Organization (ILO)တို့မှ ကိုယ်စားလှယ်များ၊ မြန်မာအလုပ်သမားများဘက်မှ ကိုယ်စားလှယ်(၃၀)၊ စက်ရုံမှ တာဝန်ရှိသူများနှင့် စက်မှုဇုန်မန်နေဂျာတို့ ပါဝင်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး အခြေခံလစာ၏ (၆)ရာခိုင်နှုန်း တိုးမြှင့်ပေးမှုကို အလုပ်ရှင်နှင့် မြန်မာအလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူညီခဲ့ကြပါကြောင်း၊ တိုးမြှင့်ပေးသည့် လစာမှာ လုပ်သက်နှစ်အလိုက် အခြေခံလစာအပေါ်တွင် (၆) ရာခိုင်နှုန်း တိုးမြှင့်ပေးခဲ့သဖြင့် လုပ်သက် တစ်နှစ်အောက်ရှိသော အလုပ်သမားများအား အမေရိကန်ဒေါ်လာ (၁၆၄ ဒသမ ၄၆)၊ လုပ်သက် (၁) နှစ်မှ (၂) နှစ်ရှိသူများကို အမေရိကန်ဒေါ်လာ (၁၇၁ ဒသမ ၉၃)၊ လုပ်သက် (၂)နှစ်မှ (၃)နှစ်ရှိသူများကို အမေရိကန်ဒေါ်လာ(၁၇၉ ဒသမ ၄၇)၊ လုပ်သက် (၃)နှစ်မှ (၄) နှစ်ရှိသူများကို အမေရိကန်ဒေါ်လာ (၁၈၆ ဒသမ ၈၉ ) နှင့် လုပ်သက် (၄) နှစ်အထက်ရှိသူများကို အမေရိကန်ဒေါ်လာ (၁၉၄ ဒသမ ၃၆ )သို့ တိုးမြှင့်ရရှိစေခဲ့ပေးခဲ့သည့်အပြင် ချုပ်လုပ်သည့် အထည် အရေအတွက်ပေါ်တွင် မူတည်၍ပေးသော Bonus ကိုလည်း (၅)ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ပေးခဲ့ပါကြောင်း။

(၉-၃-၂၀၁၃) ရက်မှစ၍ မြန်မာအလုပ်သမား (၃၀၀)ကျော် အလုပ်ပြန်လည်ဝင်ရောက်ခဲ့ကြပြီး (၁၀-၃-၂၀၁၃) ရက်တွင် အလုပ်သမား (၈၀၀)ခန့်၊ (၁၁-၃-၂၀၁၃) ရက်တွင် အလုပ်သမား (၁၀၀၀)ခန့် အလုပ်ပြန်လည်ဝင်ရောက် အလုပ်လုပ်ကိုင်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် ကိုယ်ပိုင်မိသားစု ပြဿနာများကြောင့် မြန်မာနိုင်ငံသို့ ပြန်မည့်သူအချို့ရှိသကဲ့သို့ အလုပ်ဆက်လက်လုပ်ကိုင်လိုခြင်းမရှိဘဲ ပြန်လာလိုသည့် အလုပ်သမားများလည်း ရှိနေပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား အထောက်အထား ထုတ်ပေးရေး လုပ်ငန်းစဉ်သည် ထင်သာမြင်သာရှိသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ နယ်စပ်မြို့များမှတစ်ဆင့် ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်သမားအသစ်များ စေလွှတ်နေသကဲ့သို့ ထိုင်းနိုင်ငံအတွင်း၌ ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစခန်း (၁၁) ခုဖွင့်လှစ်၍ အထောက်အထားမဲ့ မြန်မာအလုပ်သမားကို အထောက်အထားများ ထုတ်ပေးလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများခန့်ထားဆောင်ရွက်လျက်ရှိသကဲ့သို့ မကြာမီကာလတွင် မလေးရှားနိုင်ငံတွင်လည်း ထားရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်သမားအများဆုံး သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံများတွင်လည်း အလုပ်သမား သံအရာရှိများ ထားရှိနိုင်ရေးအတွက် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများက အလုပ်သမားရေးရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၏ ဖြေကြားချက်နှင့် စပ်လျဉ်း၍ လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်းက “နိုင်ငံတော်အနေနဲ့ ပြည်ပမှာ အလုပ်လုပ်ကိုင်နေတဲ့ မိမိနိုင်ငံသားတွေ အကျိုးအတွက် ကူညီဆောင်ရွက်ပေးနေတဲ့အပေါ် အားရကျေနပ်မှုရှိပါတယ်။ ဂျော်ဒန်နိုင်ငံမှာရှိတဲ့ မြန်မာအလုပ်သမားတွေနဲ့ ပတ်သက်ပြီး ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ဆက်လက်ညှိနှိုင်းဆောင်ရွက်မှုများ ပြီးပြတ်အောင် ဆောင်ရွက်ပေးသွားမယ်လို့ ယုံကြည်ပါတယ်။ မိမိတို့နိုင်ငံသားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ အပြည့်အဝရရှိစေဖို့ ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးပါလို့လည်း မေတ္တာရပ်ခံပန်ကြားလိုပါတယ်။ နိုင်ငံအစိုးရချင်း အသိအမှတ်ပြုတဲ့ တရားဝင်အလုပ်သမားတွေဖြစ်အောင်လည်း ဆောင်ရွက်ပေးစေချင်ပါတယ်”ဟု ပြောပြသည်။

အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို မတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**



**ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး။** (သတင်းစဉ်)



**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း။** (သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြု

နေပြည်တော် မတ် ၁၂

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၇)ခုဖြင့် ကျင်းပသည်။**



**ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့သို့ တက်ရောက်လာသော ကိုယ်စားလှယ်များအား တွေ့ရစဉ်။** (သတင်းစဉ်)

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့က ဆွေးနွေးကြပြီး ယင်းဆွေးနွေးချက်များနှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ယင်းနည်းဥပဒေများနှင့်စပ်လျဉ်း၍ ဖြူးမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးက “ဒီနေ့ ကိုယ်စားလှယ်တွေ ဆွေးနွေးသွားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများနဲ့စပ်လျဉ်းပြီး ပြောရမယ်ဆိုရင် ဆယ်အိမ်စုမှူးတွေရွေးချယ်ရာမှာ ဥပဒေနဲ့အညီ ရွေးချယ်ဖို့ဆွေးနွေးကြတာကို တွေ့ရပါတယ်။ ဥပဒေအရ ဆယ်အိမ်စုမှူးတွေ ရွေးချယ်မယ်ဆိုရင် လျှို့ဝှက်စနစ်နဲ့ရွေးချယ်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ရွေးချယ်တင်မြှောက်ထားတဲ့ (၅)ဦးကော်မတီတွေက ပြောင်စနစ်နဲ့ရွေးချယ်တော့ အခုလိုပြဿနာတွေတက်နေတာပေါ့။ အမှန်မှာက ဥပဒေအရဆိုရင် လျှို့ဝှက်စနစ်နဲ့ရွေးချယ်ရမှာဖြစ်ပါတယ်။ ဒါမှလည်း သမာသမတ်ကျတဲ့ရွေးချယ်မှုလို့ ပြောလို့ရမှာပါ”ဟု ပြောပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

အစည်းအဝေးကို ညနေ ၃ နာရီတွင်ရပ်နားလိုက်ပြီး အစည်းအဝေး(၂၆)ရက်မြောက်နေ့ကို မတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## တစ်ချက်တည်း ကျင်းဝင်

**တောင်ကြီး မတ် ၁၂**

တောင်ကြီးမြို့ ကမ္ဘောဇဂေါက်ကွင်း၌ မတ် ၁၀ ရက် နံနက်ပိုင်းတွင် ဦးစိုင်းအိုက်ပေါင်း (ရှမ်းပြည်နယ် သစ်တောသတ္တုဝန်ကြီး၊ SNDP ကျားဖြူပါတီဥက္ကဋ္ဌ)သည် ကစားဖော်များဖြစ်ကြသော ဦးနိုင်ဝင်း (ဗမာတိုင်းရင်းသားရေးရာဝန်ကြီး)၊ ဦးအိုက်တီ (ခေမရဋ္ဌဟိုတယ်)၊ ဦးသိန်းမောင် (ကုန်သည်)တို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် Titlist (6) ဘောလုံးအား Srizon သံတုတ် နံပါတ် (၅)ဖြင့် တီခုံမှ ရိုက်လိုက်ရာ (၁၃၅)ကိုက်အကွာရှိ ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**

သမ္မတသည်
စီးဌာန၊ နည်း
ာ်တာဇော်ဝင်း
တ္တရားများကို
ည်။

င်များအတွင်း
န်း ဥပဒေပါ
ဆောင်ရွက်သွား

များအပါအဝင်
ည်မှန်းဆောင်
ို အခြေအနေ
စိုးရ( Clean
မှုစနစ်(Good
ာ်ကြွစွာ ပါဝင်
ပြည်ထောင်စု
အနေနဲ့လည်း
ဝန်ထမ်းများ၏
အဖွဲ့အစည်း၏
ဆောင်ရွက်ကြဖို့

ထောင်စုအစိုးရ
ာ်တော်အကြား
နိုင်ငံတော်၏
ာင့်ကြပ်ထိန်း
ဏ္ဍာရေးအခြေ
ွ့နေရပါတယ်။
ာင်းမွန်စေရေး
ဆောင်ရွက်ခြင်း၊
ခန့်ခွဲအသုံးချ
လွှင့်မရှိစေဘဲ
င်တော်အတွက်
ရှိစေရေး၊ နိုင်ငံ
စေရေး၊ အချို့
ကူအညီရငွေ၊
ဆောင်ရွက်ရေး၊
ာကျခွဲဝေသုံးစွဲ
တွင် တိုက်ရိုက်
ပေးသုံးစွဲရေး၊
တက်ရေးတို့ကို

းဆွဲထားသော
ိတို့၏စီမံကိန်း
င်အထည်ဖော်
အလေအလွင့်
ကြပ်မတ်ဆောင်
ဝတ်နေရေးနှင့်
ာက်ရေးတို့ကို
တိုက်တွန်း
(သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုနိုင်ငံ လွမ်ပရာဘွမ်မြို့၌ ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၁၂

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မတ် ၁၁ ရက် နံနက်ပိုင်းတွင် လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် လွမ်ပရာဘွမ်မြို့ရှိ ဘုရင့်နန်းတော်ပြတိုက် (The Luang Prabang National Museum)သို့ ရောက်ရှိသည်။**

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ပြတိုက်တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အတွင်းလိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Wat Xiengthong ဘုရားကျောင်းတော်သို့ ရောက်ရှိကြပြီး ကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် Wat Xiengthong ဘုရားကျောင်းတော် ကျောင်းတိုက်မှ ဆရာတော်အား အလှူတော်ငွေ ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လွမ်ပရာဘွမ်ဗျူးဟိုတယ်သို့ရောက်ရှိကြပြီး ဟိုတယ်ပေါ်မှ လွမ်ပရာဘွမ်မြို့နှင့် ပတ်ဝန်းကျင် ရှုခင်းအလှကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လွမ်ပရာဘွမ်မြို့ရှိ ရိုးရာလက်မှုပညာရွာသို့ရောက်ရှိပြီး လာအိုရိုးရာ လက်မှုပညာဖြင့် သဘာဝကုန်ကြမ်းများကိုအသုံးပြု၍ အသုံးအဆောင်ပစ္စည်းနှင့် အဝတ်အထည်များ ပြုလုပ်ရောင်းချနေမှုကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများ လိုက်ပါလျက် လွမ်ပရာဘွမ်မြို့ လေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ဗီယင်ကျန်းမြို့သို့ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဗီယင်ကျန်းမြို့ ဝပ်တေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Bounkeut SANGSOMSAK၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Nilahath Sayarth နှင့် တာဝန်ရှိသူများ၊ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းနှင့် မိသားစုဝင်များက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ဗီယင်ကျန်းမြို့ရှိ အေဆမ်ဗီလာသို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



## သံအမတ်ကြီး ဦးမင်းသိန်း ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၁၂**

နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဝယ်လင်တန်မြို့၌ နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆာ ဂျယ်ရီ မတ်တေးပါရိုင်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**



# မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ် H.E. Mr. Yohei SASAKAWA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးလှမြင့်ဦး၊ ဦးစိုးနိုင်နှင့် ဦးဌေးမြင့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းဦးနှင့် ဒေါက်တာဝင်းမြင့်၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်နိပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာ၌ မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှု ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၃-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)**

| | | | |
|---|---|---|---|
| ၇း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် | ၄း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၇း၂၅ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ | | |
| ၇း၃၀ | နံနက်ခင်းသတင်း | ၈း၀၀ | ပြည်တွင်းသတင်း |

-ပြည်သူတို့ရဲ့စကားသံများ
-နိုင်ငံတကာသတင်းများ
-မိုးလေဝသအခြေအနေ
"တည်ထောင်ပြုကြမယ် ပြည်ထောင်စုChannel"
-မြန်မာရုပ်ရှင်
"နှောင်းတမြေ့မြေ့"
(ရန်အောင်၊ စိုးသူ၊ ထွန်းအိန္ဒြာဗို)
(ဒါရိုက်တာ - သက်မောင်မောင်)

### ❖ ပြည်ထောင်စုလွှတ်တော်မှ

ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ ဝင်ငွေခွန်အမိန့်ကြော်ငြာစာများ ထုတ်ပြန်ရန် တိုက်တွန်းပါကြောင်း အဆိုကို တင်သွင်းကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးလွန်းသီက **သတ္တုတွင်းဝန်ကြီးဌာန၏ ပြင်ဆင်သတ်မှတ်ထားသော မြေငှားခနှုန်းထားများ လျှော့ချရေး၊ နိုင်ငံခြားငွေဖြင့် ရတနာဆိုင်ဖွင့်လှစ်ရောင်းချခြင်းအတွက် လိုင်စင်ခတိုးမြှင့်ရေး၊ ဝန်ကြီးဌာနမှ ပေးသွင်းလျက်ရှိသောအခွန်အခများကို သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာနမှ ဖော်ပြပေးရေး၊ သစ်တောကြိုးဝိုင်းအတွင်းရှိ သတ္တုရှာဖွေရေးလုပ်ငန်းများအတွက် အခွန်တစ်ကြိမ်သာ ပေးဆောင်ခွင့်ရရှိရေးနှင့် လုပ်ငန်းရှင်များမှ(၁၀၀)ရာခိုင်နှုန်း အရင်းအနှီး စိုက်ထုတ်၍ရရှိလာသော ထုတ်လုပ်မှုပမာဏမှ Cost Recovery ကို ထုတ်နုတ်ခုနှိမ်ပြီး သတ်မှတ် အချိုးအစားအတိုင်း အခွန်များ ပေးသွင်းရေးအပါအဝင် လက်ရှိ ထုတ်ပြန်ကျင့်သုံးလျက်ရှိသော အခွန်အကောက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြောင်းလဲနေသော ခေတ်စနစ်နှင့်အညီ ပြန်လည်စိစစ်၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ပြည်ထောင်စုအစိုးရအဖွဲ့အားတိုက်တွန်းကြောင်း** အဆို၊ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ အခွန်အကောက်ဆိုင်ရာနှင့်စပ်လျဉ်း၍ သစ်ခွဲသားအတွက် သတ်မှတ်ထားသော ကုန်သွယ်လုပ်ငန်းအခွန်လျှော့ချပေးရေး၊ အသေးစားသစ်တောထွက်ပစ္စည်း(၂၁)မျိုးအနက် ကျေးလက်နေပြည်သူများ အမြဲသုံးစွဲနေရသည့် ပစ္စည်းအချို့ကို အခွန်ကင်းလွတ်ခွင့်သို့မဟုတ် သက်သာခွင့်ပြုရေးအတွက် စိစစ်ပြင်ဆင်နိုင်ရန် ပြည်ထောင်စုအစိုးရ အဖွဲ့အား တိုက်တွန်းကြောင်း**အဆိုနှင့် **စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းများမှ ကောက်ခံရရှိမည့် Rayalty များကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ အခွန်အဖြစ်ပေးသွင်းရန် ပြည်ထောင်စုအစိုးရအဖွဲ့အားတိုက်တွန်းကြောင်း** အဆိုတို့ကို တင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးမျိုးဆွေက **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ကောက်ခံသော ရေဒီယို၊ တီဗွီ၊ ဗီဒီယိုပြစက် အစရှိသော အခွန်များအပါအဝင် ခေတ်ကာလနှင့်မလျော်ညီတော့သည့် အခွန်နှုန်းထားများကို ခေတ်ကာလနှင့်အညီဖြစ်သင့်သော အခွန်နှုန်းထားများအဖြစ် ပြင်ဆင်သတ်မှတ်ရေးနှင့် အခွန်ကောက်ခံမှု တိုးတက်ရရှိရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆို၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးရဲထွန်းက **နိုင်ငံပိုင်အရင်းအမြစ်များကို အသုံးပြု၍ အခွန်အခကောက်ခံနေသော အခြားပြည်ထောင်စုအစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(SEE)များမှ ရရှိသော အခွန်အကောက်များသည် နိုင်ငံတော် ဘဏ္ဍာသို့ထည့်ရမည့် အခွန်အကောက်များဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံပိုင်အရင်းအမြစ်များကို အသုံးပြုခြင်းမှ ကောက်ခံရရှိသောအခွန် (Resources Tax)၊အရင်းအမြစ်များထုတ်လုပ်ခွင့်/အသုံးပြုခွင့်မှ ကောက်ခံရရှိသော အခွန် (Resources Rent Tax)များကို ပြည်ထောင်စုအစိုးရဘဏ္ဍာ၊ အခွန်ရငွေစာရင်းသို့ ထည့်သွင်းပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးစီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆို၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဦးက **ပြည်ထဲရေးဝန်ကြီးဌာနမှ ကောက်ခံလျက်ရှိသော ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန်တို့နှင့်ပတ်သက်၍ ပြည်ထောင်စုနယ်မြေများအတွက် အခွန်နှုန်းထားများ ပြင်ဆင်ပေးရန်** အဆိုကို တင်သွင်းကြပြီး ယင်းအဆိုများနှင့်စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

**သာပေါင်း မဲဆန္ဒနယ်မှ ဦးဝင်းသန်း**က "ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဦး၏ အဆိုနဲ့စပ်လျဉ်းပြီး ပြောရရင် ဒီယစ်မျိုးခွန်ကို အဘက်ဘက်က ဝက်အူကျပ်သလိုကျပ်မှ ဖြစ်မယ်ထင်တယ်။ အဆိုအောင်မြင်သွားရင်တော့ ပြည်နယ်နဲ့တိုင်းဒေသကြီး အသီးသီးက သူ့ဒေသနဲ့သူ လိုအပ်တဲ့ အတိုင်းအတာကိုပဲ ထုတ်လုပ်ရောင်းချမယ်၊ လိုင်စင်ကိုစိစစ်ပြီးချပေးရန် အဲဒီ လိုင်စင်စည်းကမ်းချက်အပေါ် မူတည်ပြီး စည်းကမ်းရှိရှိထုတ်လုပ်ရောင်းချမယ်၊ ဈေးပေါတယ်ဆိုပြီး ဖြစ်သလိုထုတ် ဖြစ်သလိုသောက်တော့ အသက်အန္တရာယ်ထိခိုက်ရတယ်။ လက်ဖက်ရည်တစ်ခွက်ထက် အရက်တစ်ခွက်ကဈေးပေါနေတယ်။ ဒါမဖြစ်သင့်ဘူး။ ထုတ်လုပ်တဲ့နေရာမှာလည်း အရည်အသွေးကို ထိန်းရမယ်။ ဈေးလည်းမပေါသင့်ဘူး။ အဲဒါတွေကိုထိန်းနိုင်ရင် အရက်ကြောင့်ဖြစ်နေတဲ့ ရောဂါအန္တရာယ်တွေ ကျဆင်းလာမယ်။ အရက်အလွန်အကျွံသောက်လို့ ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးနေတာတွေ တွေ့ရတယ်။ ဒါတွေမဖြစ်သင့်ပါဘူး။ အဲဒါတွေအားလုံးကို ထိန်းသိမ်းဖို့ဆိုရင် ယစ်မျိုးခွန်ကို ပြင်ဆင်သတ်မှတ်ပေးခြင်းဖြင့် ထိန်းသိမ်းရာရောက်ပါတယ်" ဟုပြောပြသည်။

**မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး**က "ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုရဲ့ အဆိုနဲ့ပတ်သက်ပြီး ပြောရရင် ဒီလိုကော်မတီ၊ ကော်မရှင် အဆင့်ဆင့်ဖွဲ့စည်းပြီး ကြပ်ကြပ်မတ်မတ်ကိုင်တွယ်မှသာ တိုင်းပြည်ဘဏ္ဍာငွေယိုဖိတ်မှုမှ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ဒီလို အထပ်ထပ်စစ်ဆေးမှု၊ တိုက်တွန်းမှုတွေရှိမှဖြစ်ပါမယ်။ ဒီအခွန်ကဏ္ဍနဲ့ပတ်သက်ပြီး ဆက်လက်ဆွေးနွေးသွားဖို့ အစီအစဉ်လည်း ရှိပါတယ်။ ဒါမှသာ အဂတိလိုက်စားမှုမရှိဘဲနဲ့ ပြည်သူတွေ ဆောင်သမျှ အခွန်တွေဟာ နိုင်ငံတော်ဘဏ္ဍာငွေထဲရောက်ရှိမှာဖြစ်ပါတယ်။ ဒါဟာ တကယ့်လက်တွေ့လုပ်ဆောင်သင့်တဲ့ အဓိကအစိတ်အပိုင်းဖြစ်ပါတယ်" ဟု ပြောပြသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို မတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**



(သတင်းစဉ်)

# ချေးနဲ့စာလေးတွေ ဆုံးရှုံးပြီး အကြွေးတွေ တင်နေလို့ပါ ကူညီပေးကြပါ. . .တဲ့

**ဆွေညီ**

"သူငယ်ချင်း သူက ဆရာဦးတင်မျိုးကျော်တဲ့၊ ငါတို့ ထက်တော့ ဂျူနီယာပါ"

"ကိုတင်မျိုးကျော်၊ သူက ကျွန်တော့် သူငယ်ချင်း ဆွေညီ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ကျွန်တော်က ပိုဝမ်းသာပါတယ် ခင်ဗျာ။ ကျွန်တော်က အကူအညီလိုလို့ ကိုကိုဦးကို အစ်ကိုနဲ့ မိတ်ဆက်ပေးဖို့ တောင်းဆိုပြီး တကူးတက လာခဲ့တာပါ။ ကျွန်တော့် ဒုက္ခလေး ကူညီနိုင်မလားလို့ပါ။"

"ဒီလိုကွာ၊ ကိုတင်မျိုးကျော်မှာ အခုအကြွေးတွေလည်း အများကြီးတင်နေတယ်။ သူ ပြီးခဲ့တဲ့ နှစ်နှစ်က သူ့အိမ် အဖောက်ခံရလို့ သူရှာထားတာတွေရော၊ အလုပ်လုပ်ဖို့ ချေးငှားထားတာတွေရော အကုန်ပါသွားတယ်။ အဲဒါ ဒီဘက်က အမှုဖွင့်ထားတာလည်း ဘာမှ မထူးဘူးဖြစ်နေတာပေါ့။ သူ့မှာ ခြေဖဝါးလက်ဖဝါးကစပြီး စုဆောင်းထားတာလေးတွေ ဆုံးရှုံးကုန်လို့ အဲဒါလေး မင်းကို ရင်ဖွင့်ချင်တာ"

"ဟုတ်ပါတယ်၊ ဒီလိုပါခင်ဗျာ။ ကျွန်တော်အကူအညီ တောင်းခံတဲ့ နေရာက စုံနေပါပြီ။ မြို့နယ်ရဲစခန်းဆိုရင် အခေါက်ပေါင်းများစွာ ရောက်ပါတယ်။ ကျန်တဲ့မြို့နယ် ရုံးများစွာလည်း ရောက်ပါတယ်။ ဘာမှမထူးသေးပါဘူး။ ဥစ္စာပစ္စည်းဆိုတာ ရန်သူမျိုးငါးပါး တစ်ပါးပါးကြောင့် ပျက်စီးနိုင်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမယ့် ကျွန်တော် နောက်ဆုံးကောက်ရိုးမျှင်အနေနဲ့ နည်းလမ်းပေါင်းစုံက ကြိုးစားတဲ့အနေနဲ့ အစ်ကို့ကို ကျွန်တော့်ဆုံးရှုံးမှုလေး နည်းနည်းပြောချင်တာပါ"

သူငယ်ချင်း ကိုကိုဦးကတော့ မလွယ်။ သူသိသည့် ပြဿနာ တစ်ခုခုရှိလာလျှင် သူ့ဘာသာပြီးအောင် မဖြေရှင်း။ ကျွန်တော့်ကို ဘာများထင်နေသည်မသိ။ ခေါ်လာတော့သည်။ အင်းလေ၊ ကိုယ်ကူညီနိုင်တာ ဘာများရှိမလဲမသိ၊ သူက ပြောချင်နေတယ်ဆိုတော့ နားထောင်ပေးလိုက်မယ်ဟု စိတ်ထားလိုက်သည်။ သို့သော် ကိုတင်မျိုးကျော်ဆိုသူက နှုတ်ကပြောမနေ။ အသင့်ရေးယူလာသော သူ့ဖြစ်စဉ်အကျဉ်းလေးကို ပေးဖတ်လေသည်။

"ကျွန်တော်၏ အမည်မှာ ဦးတင်မျိုးကျော်ဖြစ်ပါသည်။ ကျွန်တော်သည် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျုံးကျုံးကျကျေးရွာအုပ်စု ကမာပတောကျေးရွာ အခြေခံမူလတန်းလွန်ကျောင်းတွင် ကျောင်းအုပ်တာဝန် ထမ်းဆောင်နေသူဖြစ်ပါသည်။ ကမာပတောကျေးရွာသည် ခရမ်းမြို့နှင့် ငါးမိုင်အကွာတွင် တည်ရှိပါသည်။ ကျွန်တော်သည် ကျောင်းအုပ်တာဝန်ကို ၁၉၉၃ ခုနှစ်မှ စတင်၍ ယခုအချိန်ထိ တာဝန်ထမ်းဆောင်နေခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ၁၂-၁-၁၉၈၈ ရက်နေ့တွင် ခရမ်းမြို့နယ်၌ မူလတန်းပြဆရာဘဝဖြင့် အလုပ်ဝင်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ်တွင် ဆရာမဒေါ်သန်းသန်းဝေနှင့် အိမ်ထောင်ကျပါသည်။ ထိုအချိန်က ကျွန်တော်တို့ နှစ်ဦးလုံး၏ လစာမှာ တစ်ဦးလျှင် ၂၂၅ ကျပ်စီသာဖြစ်ပြီး နှစ်ဦးပေါင်းမှ လစာ ၄၅၀ ကျပ်သာရှိပါသည်။ ကျွန်တော်သည် ထိုအချိန်က ကျောင်းလည်းမပြီးသေးပါ။ တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးနိုင်ရန် ရွာတွင် မြေကြီးအငှား ပေါက်ခြင်း၊ ဟင်းသီးဟင်းရွက်များ ရောင်းချခြင်း၊ ဝက်မွေးမြူခြင်းတို့ဖြင့် အပိုဝင်ငွေရရှိအောင် သမ္မာအာဇီဝဖြင့် စီးပွားရှာပြီး ဝင်ငွေရှာခဲ့ပါသည်။

၁၉၉၅ ခုနှစ်တွင် ငါးသားပေါက်ဖောက်ခြင်းလုပ်ငန်း၊ အသားတိုးကြက်မွေးမြူခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်၍ ငွေကြေးအရင်းအနှီးများ ရှာဖွေစုဆောင်းခဲ့ပါသည်။ ခရမ်းမြို့ပညာရေးမိသားစု ငွေစုငွေချေးအသင်းမှ ငွေများ ချေးငှားယူပြီး လုပ်ငန်းချဲ့ထွင်ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ရရှိငွေကို စုဆောင်းသိမ်းဆည်း၍ သားမောင်ကောင်းထက်ကျော်ကို ရှင်ပြုမင်္ဂလာပွဲလုပ်ပေးရန် စီစဉ်ခဲ့ပါသည်။

ကျွန်တော် အကူအညီတောင်းခံလိုသည့်ကိစ္စမှာ သားရှင်ပြုပွဲပြုလုပ်ရန် ခြောက်ရက်အလို ၆-၄-၂၀၁၁ ရက်နေ့ညက ကျွန်တော်၏ အိမ်ဖောက်ထွင်းခံရပြီး ရွှေ ၃၆ ဒသမ ၅ ကျပ်သားနှင့် ငွေသား ကျပ် ၄၂ သိန်း ခိုးယူခံခဲ့ရပါသည်။ ကျွန်တော်အိမ်ဖောက်ထွင်းခံရမှုကို ခရမ်းမြို့နယ်ရဲစခန်းတွင် ယင်းနေ့တွင်ပင် ပ/၁၀၀-၂၀၁၁၊ ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်တိုင်ကြားခဲ့ပါသည်။ ယခုနှစ်နှစ်ခန့်ကြာမြင့်ပြီဖြစ်သော်လည်း အမှုမှန်မပေါ်ပေါက်သေးပါ။

ကျွန်တော်သည် မိမိခွန်၊ မိမိအားဖြင့် သမ္မာအာဇီဝ အလုပ်များကို လုပ်ကိုင်ပြီး ငွေကြေးစုဆောင်းခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ကမာပတောကျေးရွာ စာသင်ကျောင်းအသစ် တိုးချဲ့တည်ဆောက်ခြင်း၊ ကျောင်းအားကစားကွင်း၊ ကျေးရွာကွန်ကရစ်လမ်း၊ ကျောင်းရွာချင်းဆက်ချောင်းကူးတံတား တည်ဆောက်ခြင်းတို့တွင် လူအား၊ ငွေအားဖြင့်ပါဝင်ခဲ့ပါသည်။ ဤမှန်ကန်သော သစ္စာတရားကြောင့် တရားခံအားဖမ်းဆီးရမိကာ ကျွန်တော် ဖောက်ထွင်းခိုးယူခံရသော ရွှေထည်နှင့် ငွေကြေးများ ပြန်လည်ရရှိပြီး ကျွန်တော့်ထံ တင်ရှိနေသော အကြွေးငွေများ ပေးဆပ်နိုင်သော ကိုယ်ဖြစ်ရပါလိုသည်. . ."ဟူ၍ ရေးသားထားလေသည်။

ကျောင်းဆရာ၏အမောက ကျွန်တော့်ထံကူးစက်လာသည်။ သူ့မှာ ဘယ်လောက်ခံရခက်လိမ့်မလဲ။ ကိုယ်ချင်းစာမိသည်။ ဆုံးရှုံးမှုက ချေးနဲ့စာသက်သက်ချည်း မဟုတ်။ ချေးငွေများပါ ပါသည်။ ချေးငွေက ပြန်မဆပ်နိုင်လျှင် အတိုးတက်ပေတော့မည်။ သူ့မှာ လုပ်ချင် ကိုင်ချင်စိတ် အပြည့်ဖြင့် ကြိုးစားရှာဖွေခဲ့သည့် ငွေများ ကိုး။ အခုလို အရပ်ကူပါ လူဝိုင်းပါဖြင့် အရှုံးမီးဝိုင်းပမာ ဖြစ်မယ်ဆိုလည်း ဖြစ်ချင်စရာပေ။

စကားအနည်းငယ်ပြောဆိုပြီး နှုတ်ဆက်၍ ပြန်သွားကြသော ကိုကိုဦးနှင့် ကျောင်းဆရာ ဦးတင်မျိုးကျော်တို့၏ နောက်ကျောကိုကြည့်ရင်း သက်ပြင်းမောကို ချမိပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း သူ့ကို ဘယ်က စလို့ ဘယ်လိုကူညီရမည် စဉ်းစားနိုင်အားမရှိသေး။ ။

# တရားမဝင်နယ်စပ်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး(ရွှေ့လျား)အဖွဲ့ မော်တော်ယာဉ် လိုအပ်ချက်များရှိနေ

**ရန်ကုန် မတ် ၁၂**

တရားမဝင်နယ်စပ်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး(ရွှေ့လျား)အဖွဲ့ (Mobile Team) အတွက် အသုံးပြုရန် မော်တော်ယာဉ်လိုအပ်ချက်များစွာ ရှိနေသေးကြောင်း Mobile Team အဖွဲ့မှ သိရသည်။

တရားမဝင် နယ်စပ်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးနှင့်ပတ်သက်၍ Mobile Team အဖွဲ့အနေဖြင့် ရွှေ့လျားအဖွဲ့ (၁)နှင့် (၂)တွင် Double Cub နှစ်စီးနှင့် Super Custom နှစ်စီး စုစုပေါင်း ယာဉ်လေးစီးဖြင့်သာ အသုံးပြုနေရကြောင်း အထက်ပါအဖွဲ့မှ သိရသည်။

"တရားမဝင် ကုန်စည်စစ်ဆေးတာကို နယ်စပ်စခန်းတွေမှာ နေ့ရော၊ ညပါ ဆောင်ရွက်နေရပါတယ်။ ယာဉ်အစီးရေက ဒီထက်ပိုပြည့်ဝရင် အဆင်ပြေမှာပါ။ ဒါပေမယ့် ခုက နွေရာသီလည်း ရောက်လာပြီဆိုတော့ အရင်လောက်တော့ မခက်ခဲတော့ပါဘူး။ ယာဉ်အင်အား၊ လူအင်အားတိုးမြှင့်ရင်တော့ ပိုအောင်မြင်မှာပေါ့"ဟု Mobile Team အဖွဲ့(၁) ခေါင်းဆောင် ဦးကြည်စိန်က ပြောသည်။

တရားမဝင် နယ်စပ်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့အား ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ စတင်ဖွဲ့စည်းခဲ့ပြီး ကုန်သွယ်မှုလမ်းကြောင်းများတွင် အဖွဲ့ ခြောက်ဖွဲ့ခွဲကာ လူအင်အား ၃၀ ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း တရားမဝင်နယ်စပ်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး (ရွှေ့လျား)အဖွဲ့မှ သိရသည်။

**(ဝဝ၁)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၃-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇း၀၃ | တရားတော် -တိမ်လွှာထက်ကဖန်ရဲတိုက် (အပိုင်း-၃၄) |
| ၄း၁၅ | ဇာတ်လမ်းတို |
| ၄း၂၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၀ | ရှေးဟောင်းသုတ |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး(အပိုင်း-၈၆) |
| ၆း၁၀ | *Mail Box* |
| ၆း၂၅ | ကာတွန်းအစီအစဉ် "အာကာသသူရဲကောင်းလေးများ" (အပိုင်း - ၈၀) |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -မိုးလေဝသသတင်း -ရယ်စရာပျော်စရာဟာသကမ္ဘာ -မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဆွဲအားပြင်းတဲ့ ချစ်ခြင်း" (အပိုင်း-၁၇) -*Go For Gold* |







UNIQUE STAR TRAVELS & TOURS
Promotion (၃)ဦး ဝယ်လျှင် + (၁)ဦး အခမဲ့
ငပလီ Mar:23, Apr:10,11,12,13 (350,000)
တောင်ကြီး Mar:23,Apr:11,12,13,17 (185,000)
Mar:23,Apr:13 (175,000) | ပုဂံ-ရွှေစက်တော် Mar:23,Apr:11,13 (175,000)
Mar:23,Apr:12 (175,000) | ပုဂံ-မန္တလေး Mar:23,Apr:11,13 (185,000)
Mar:23,Apr:12 (195,000) | ပုဂံ-တောင်ကြီး Apr:11,13 (265,000)
ချောင်းသာ Hotel Max Mar:23 ( 75,000) | မန္တလေး-တောင်ကြီး Apr:11,13 (265,000)
(5),Ground Fl, Asia Plaza, Ph. 391 372, 391 373, 708 353, 705 723, 09- 514 8079
70(A), Kabaraye Pagoda Rd,09-7310 9133,09-7310 9144,09-7310 9155, 09-7310 9166

UNIQUE STAR TRAVELS & TOURS
အမေရိကား KOREA AIRLINE (20DAYS/19NIGHTS) APRIL 9~28 (6,000,000)
(SAN FRANCISCO,LOS ANGELES,LAS VEGAS,NEW YORK,WASHINGTON,HARRISBURG,CORNING,NIAGARA FALL)+HONOLULU
ဥရောပ(၉)နိုင်ငံ + အင်္ဂလန် TG APRIL 9~22/9~24,11~24/11~26 (4,500,000)
(FRANCE,ITALY,SWITZERLAND,GERMANY,NERTHERLAND,BELGIUM,AUSTRIA,LIECHTENSTEIN,VATICAN)+UNITED KINGDON
ဩစတြေးလျ TG (SYDNEY,BLUE MOUNTAIN,MOUNT BULLER,MELBOURNE,CANBERRA) APRIL 10~18 (3,400,000)
EVERY (SAT:) (550,000) | APR:12,13 (1,700,000)
APR:11,12 (850,000) | APR:10,11 (1,400,000)
APR:10,12,13 (1,250,000) | APR:10,11,12,13 (1,400,000)
APR:10,13 (1,700,000) | TG APR:10,13 (2,000,000)
APR:10,12 (1,700,000) | TG APR:9,10,13 (2,800,000)

# လာပုံနေတဲ့အမှိုက်တွေ

ခင်မောင်ဌေး(ပညာရေး)

အညာသားဆိုတော့ မိုးလင်းတာနဲ့ ထမင်းအဝစားရမှ။ ရန်ကုန်မှာက မနက်စာကို မုန့်ဟင်းခါးလိုလို၊ ကြာဆံသုပ်လိုလို စားကြတာ။ ထမင်းတဝတပြဲ စားတဲ့သူခပ်ရှားရှားရယ်။ အညာမှာလိုပဲ စားပြီဆိုရင် ထမင်းပူပူ ဆီကလေးရွှဲအောင်ဆမ်း၊ ပဲပြုတ်နဲ့နယ်။ ဗမာခရမ်းချဉ်သီးလေးကို ငရုတ်သီးစိမ်းနဲ့တွဲပြီး ကျွမ်းနေအောင် မီးဖုတ်။ ပြီးတော့ ညက်နေအောင်ထောင်း။ ငါးရံ့ခြောက်ဆီနိုင်နိုင်လေး များပါရင် ဘယ်ပြောကောင်းမလဲ။ အဲဒီလိုစားလိုက်ရမှ အာသာပြေတာ။

ခုတော့ကြားရတဲ့သတင်းတွေက ရေလုံပြုတ်စားရမယ့်ကိန်း။ ဆီတစ်မျိုးပေါ်နေပြန်ပြီတဲ့။ ‘လူသေဆီ’တဲ့။ နယ်စပ်မှောင်ခိုလမ်းက ဝင်လာတာတဲ့။ စစ်ဆေးနေတာတော့ မတွေ့သေးဘူးတဲ့။ ခက်တာက နည်းပညာပေါ့။ စီးပွားရေးသမားဆိုတာက နည်းမျိုးစုံသုံးပြီး အနံ့ဖျောက်တယ်။ အသွေးအရောင်ပြောင်းတယ်။ ဓာတုပစ္စည်းရောတယ်။ ဒီတော့ လူသေဆီလား။ အမှိုက်သရိုက်ထဲက ထုတ်တဲ့ဆီလား ဝေခွဲရခက်ပါတယ်။

ဒါကလည်း ကိုယ့်မြန်မာတွေက ဆီကြိုက်တာကိုး။ ဆီကိုရေချိုးတဲ့ လူမျိုးဆိုတော့ ဒုက္ခတွေတိုးပြီပေါ့။ ဝိသမစီးပွားရေးသမားဆိုတာက လူစိတ်ရှိတာမဟုတ်ဘူး။ လူကို လူလိုလည်း မြင်တတ်တာ မဟုတ်ဘူး။ သူ့အကျိုးစီးပွားဖြစ်ဖို့ တစ်ခုတည်းကိုပဲ ကြည့်တာ။ သူများနိုင်ငံဆိုတာက ဆီကိုပါလေကာပဲသုံးကြတာ။ ဒီမှာလောက်ပက်ပက်စက်စက်စားသုံးကြတာမဟုတ်ဘူး။ ဒီတော့လည်း ဝိသမသားတို့ မျက်စိကျတာပေါ့။ အဲဒီအခါမှာ နည်းမျိုးစုံနဲ့သုံးပြီး နိုင်ငံတွင်းကို ရောက်အောင် ပို့ကြတော့တာပဲ။

အဲဒီအထဲမှာ သစ္စာဖောက်တွေရှိတယ်။ တရားဝင်လမ်းကြောင်းတွေမှာ အပိတ်အဆို့ အစစ်အဆေးတွေရှိတော့ တရားမဝင်လမ်းကြောင်းတွေ ရှာကြတယ်။ ကိုယ့်အတွက် မြိုးမြိုးမြတ်မြတ်ကလေးရရင် နိုင်ငံထဲကို ဘာသွင်းသွင်း၊ နိုင်ငံထဲက ဘာတွေပဲယူသွားသွား လက်ပိုက်ကြည့်နေတဲ့ လူတစ်စု လူတစ်ဖွဲ့ ရှိနေတုန်းပဲ။ ဒီလူတွေဟာ နိုင်ငံရဲ့ အဓိကရန်သူတွေပဲလို့ သတ်မှတ်လို့ရတယ်။ တကယ်တော့ မြို့တွင်းမှာ အမှုထမ်းနေရသူထက် နယ်စပ်တစ်လျှောက်မှာ တာဝန်ထမ်းဆောင်နေရသူတွေက ပိုပြီးတာဝန်ကြီးပါတယ်။ တာဝန်ယူတတ်မှုရှိရင် ရှိသလိုနိုင်ငံအတွက် ကျရောက်လာမယ့် ဘေးထွက်ဆိုးကျိုးတွေကို ကာကွယ်ရာရောက်နိုင်တယ်။ တာဝန်မဲ့သူတွေ ပေါလာရင်တော့ အနာဂတ်အလားအလာဟာ သိပ်ပြီးတော့ ချိုမြိန်စရာမရှိဘူး။

နယ်စပ်က ခိုးဝင်လာတဲ့ပစ္စည်းမျိုးစုံကို ကြည့်ရင် အင်မတန်မှ စိုးရိမ်စရာကောင်းတဲ့ အခြေအနေပါ။ ဘယ်လောက်ပဲ ကိုယ့်ပြည်တွင်းက စီမံချက်တွေချပြီး ဆောင်ရွက်နေနေ သူခိုးဓားရိုးကမ်းသူတွေရှိနေမှတော့ ယိုပေါက်ကရှိနေမှာပဲ။ ဘယ်လိုမှ မလုံခြုံနိုင်ဘူးပေါ့။ အဲဒီဒဏ်ကိုတော့ ပြည်တွင်းနေ ပြည်သူတွေအားလုံး ခံရမှာပဲ။ ကောင်းကျိုးထက် ဆိုးပြစ်ကများလွန်းလှပါတယ်။

တကယ်တမ်းစဉ်းစားကြည့်ရင် မသန့်ပြန့်တဲ့ပစ္စည်း အမျိုးအစားတွေဝင်တယ်။ အရောအနှောစုံဝင်တယ်။ အတုမျိုးစုံဝင်တယ်။ အဲဒီလို ပစ္စည်းမျိုးတွေကလည်း တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင်ကိုပဲ။ အဲဒါတွေ ရပ်တန့်သွားသလားဆိုတော့ မရပ်ပါဘူး။ နည်းမျိုးစုံ၊ ပုံစံအသွယ်သွယ်နဲ့ ဝင်လာမစဲပါပဲ။ ဆိုရင် တစ်ဖက်နိုင်ငံက စွန့်ပစ်ပစ္စည်းတွေကို အသွင်ပြောင်းပြီး ကိုယ့်နိုင်ငံထဲမှာ လာပုံနေတဲ့ သဘောပဲ။ ကဲစဉ်းစားကြည့်ပါဦး။ စွန့်ပစ်ပစ္စည်းမျိုးလည်း အစွန့်ပစ်ခံရသေးတယ်။ အဲဒီအပေါ်ကလည်း အမြတ်ထုတ်နေသေးတယ်။ “မိအေးနှစ်ခါနာ” ဆိုတာ အဲဒါမှ အစစ်ပဲ။ နောက်ဆက်တွဲ ဝေဒနာဆိုးတွေကိုတောင် အမွေပေးသွားကြပါလိမ့်ဦးမယ်။

ဒီတော့ဆီကြိုက်တဲ့နိုင်ငံသားတွေ ဆီတွေလှိုင်လှိုင်ကြီးဝင်လာနေပါတယ်။ ပုံစံအမျိုးမျိုး၊ အသွင်အမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်နဲ့ပါ။ တကယ့်ထူးရှယ်ဆီတွေပါပဲ။ မြိန်ရေရှက်ရေနဲ့ ဆက်ပြီးစားကြပါလို့ပဲ ပြောရမလား။ အသိတရား သတိထားပြီး ဆီကိုပဲလျှော့စားကြမလား။ ဘယ်လိုကာကွယ်တားဆီးကြမှာလဲ။ ဘယ်လိုပိတ်ဆို့ကြဦးမှာလဲ။ တာဝန်မဲ့သူတွေ၊ ဝိသမသမားတွေကို ဘယ်လို ဖော်ထုတ်အရေးယူကြမလဲ။ မယုံမရှိနဲ့။ နယ်စပ်တစ်လျှောက်မှာ တစ်နေ့တစ်မျိုးမက အမျိုးအစားပေါင်းများလှတဲ့ အမှိုက်တွေလာပုံနေကြဆဲပါပဲဗျာ။ ။

# စီးတီးတက္ကစီမောင်းနှင်လိုပါက မထသ(ဗဟို)တွင် လိုင်စင်ပြုလုပ်ရန် လိုအပ်

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး အတွင်း စီးတီးတက္ကစီယာဉ် မောင်းနှင်လိုပါက မထသ(ဗဟို)တွင် မောင်းနှင်ခွင့်လိုင်စင်ပြုလုပ်ရန် လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ သိရသည်။

စီးတီးတက္ကစီယာဉ်များ မောင်းနှင်ရာတွင် မောင်းနှင်ခွင့်လိုင်စင်အား ကုန်းလမ်းညွှန်ကြားမှုဦးစီးဌာန (ကညန)တွင် ယာဉ်မောင်းလိုင်စင်ပြုလုပ်ရသော်လည်း အမှန်တကယ် စီးတီးတက္ကစီ မောင်းနှင်မည့်ယာဉ်မောင်းများအနေဖြင့် မထသ(ဗဟို)တွင် မောင်းနှင်ခွင့်လိုင်စင် ထပ်မံပြုလုပ်ရန် လိုအပ်ကြောင်း သိရသည်။

“အခုဆိုရင် တက္ကစီတွေက တင်သွင်းတာများလာတယ်၊ တချို့ တက္ကစီတွေဆိုရင် တက္ကစီအနီနံပါတ်သာပြောင်းတာ၊ အိမ်စီးကားတွေလုပ်လိုက်တာမျိုး ရှိတယ်။ ဒါ တွေကျတော့ တကယ်တမ်းစစ်တမ်းကောက်တဲ့အခါမှာ တကယ်ခရီးသည်တင်စီးတီးတက္ကစီမဟုတ်ဘဲ အရေအတွက်တွေများနေတာ တွေ့ရတယ်၊ ဒါကြောင့် မထသမှ တကယ်မောင်းမယ့်သူတွေအတွက် မောင်းနှင်ခွင့်ပြန်လုပ်ခိုင်းတာပါ”ဟု မထသ(ဗဟို)မှ အကြီးတန်းအရာရှိ တစ်ဦးက ဆိုသည်။

ယင်းသို့ တက္ကစီမောင်းနှင်ခွင့်လိုင်စင်ပြုလုပ်ခြင်းဖြင့် မထသ(ဗဟို)အနေဖြင့် တက္ကစီယာဉ်များအား စီမံကွပ်ကဲရာ၌ စနစ်တကျရှိစွာဖြင့် စစ်ဆေးနိုင်ပြီး အမှန်တကယ် ယာဉ်မောင်းသူများအားလည်း အသင်းအဖွဲ့များ ဖွဲ့စည်း၍ ခရိုင်အလိုက် ခေါ်ယူတွေ့ဆုံကာ ပညာပေးဟောပြောမှုများ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်းသိရသည်။

(၀၀၁)

# ပြင်ဦးလွင်မြို့နယ်အတွင်း သစ်ခွမျိုးစိတ်သစ်တွေ့ရှိ

**ပြင်ဦးလွင် မတ် ၁၂**



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ မြန်မာနိုင်ငံတွင် မှတ်တမ်းမတင်ရသေးသော သစ်ခွမျိုးစိတ်အား ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းကျေးရွာအနီးရှိ သဘာဝတောတွင်းတစ်နေရာမှ သစ်တောဦးစီးဌာနက စတင်တွေ့ရှိခဲ့ပြီး သစ်ခွပညာရှင်များ၏ ပြောဆိုချက်အရ ၎င်းမျိုးစိတ်သစ်သည် မြန်မာနိုင်ငံအတွင်း ပြင်ဦးလွင် တစ်နေရာတည်း၌သာ ပေါက်ရောက်ကြောင်းသိရှိရသဖြင့် မျိုးသုဉ်းပျောက်ကွယ်မသွားစေရန်အတွက် အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့လည်း ပေးပို့စိုက်ပျိုးစေခဲ့ပြီး သဘာဝတောတွင်းနေရာကို ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားလျက်ရှိသည်။

အဆိုပါ တွေ့ရှိထားသော သစ်ခွမျိုးစိတ်အား မြန်မာအမည် ဖျော်ရည်သစ်ခွ၊ ပန်းပွင့်ချိန်မှာ ဇွန်လဖြစ်ပြီး အပင်၏ထူးခြားချက်မှာ သစ်ပင်နွယ်တက်သည့် ပင်ပျော့အမျိုးအစားဖြစ်သည်။ ၎င်း၏အရွက်မှာ တောက်ပြောင်နေပြီး အကြီးဆုံးအရွက်သည် အလျား ရှစ်လက်မနှင့် အနံ လေးလက်မခန့်ရှိသည်။ ပွင့်ချပ်နှင့် ပွင့်ဖတ်သည် အစိမ်းရောင်ရှိပြီး ပွင့်လျှာသည် အဖြူရောင်ရှိသည်။ ပန်းခိုင်တစ်ခိုင်တွင် အနည်းဆုံး နှစ်ပွင့်မှ ခြောက်ပွင့်အထိရှိကြောင်း သိရသည်။**(အပေါ်ပုံ) (၆၁၃)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းအသီးသီးကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ၏ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များ၏ကိုယ်စားလှယ်များ၊ တိုင်းရင်းသား အဖွဲ့အစည်းအသီးသီး၏ကိုယ်စားလှယ်များ၊ လူတန်းစားအဖွဲ့အစည်းအသီးသီး၏ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားအားလုံးကို ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ၏ အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ ကျန်းမာရေး၊ ပညာရေး၊ အမျိုးသားစီးပွားရေးကို ကာကွယ်စောင့်ရှောက်ပြီး မြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးအားလုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ စီးပွားရေးလုပ်ငန်းအမျိုးအစားများသတ်မှတ်ခြင်း၌ မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ ဖက်စပ် လုပ်ကိုင်နိုင်သည့် လုပ်ငန်းများတွင် ပါဝင်နေသည့် ခရီးသွားလုပ်ငန်းကိုပယ်ဖျက်ပြီး မြန်မာနိုင်ငံသားများ ရာခိုင်နှုန်းပြည့် ပိုင်ဆိုင်သော ခရီးသွားလုပ်ငန်းကုမ္ပဏီများကိုသာ လုပ်ကိုင်ခွင့်ပြုသင့်ကြောင်း အဆိုကို တညီတညွတ်တည်း ထောက်ခံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ပြီး စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးတင်ပြ ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်နှင့်အချိန် - ၂၀၁၃ ခုနှစ်၊ မတ်လ ၁၆ ရက်(စနေနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီ
ကျင်းပမည့်နေရာ - တော်ဝင်နှင်းဆီခန်းမ
(အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၄၂၇၂၀)

**မှတ်ချက်။ ပါဝင်ဆွေးနွေးမည့်သူ၏ ကိုယ်ရေးအချက်အလက်များနှင့် ဆွေးနွေးမည့်စာတမ်းကိုကြိုတင်၍ ပေးပို့ပေးပါရန်။**

ဆက်သွယ်ရန်လိပ်စာ - ဦးအေးကျော်(ပတ္တမြားမြေခရီးသွားလုပ်ငန်း) အောင်ဆန်းကွင်းတောင်ဘက်၊ ဖုန်း-၂၄၃၁၈၅၊ ၃၇၄၁၄၆၊ ၀၉-၅၀၁၇၃၇၃

## အမည်ပြောင်းခြင်း

မင်္ဂလာဒုံ၊ အထက(၂)၊ ပဥ္စမတန်း(က)မှ အဖ ဦးစိန်ဝင်း၏သား မောင်မင်းထက်အောင်အား ယနေ့မှစ၍ မောင်ဇင်မင်းထက်အောင် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဇင်မင်းထက်အောင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅H၊ မြေကွက်အမှတ်-၃၂၈၊ မြေကွက်တည်နေရာအမှတ်-၆၉၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်(ဦးမြင့်လွင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမြင့်လွင် ကွယ်လွန်သဖြင့် ဒေါ်မြသိန်း[၁၂/ဗဟန (နိုင်)၀၄၆၀၈၀]က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံ ကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန တင်ဒါဖွင့်ရက်ရွှေ့ဆိုင်းခြင်း

၆-၃-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနပိုင် အမှတ်(၁၆၃/၁၆၉)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မော်တော်ယာဉ်အလုပ်ရုံ(၃)ထပ်၏ ပထမထပ်အား ပုဂ္ဂလိကသို့ ငှားရမ်းရန်အတွက် ၁၄-၃-၂၀၁၃ ရက်တွင် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည်ဟု ကြေညာချက်အား ရက်ရွှေ့ဆိုင်းလိုက်ပါသည်။ ဖွင့်ဖောက်မည့်နေ့ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တင်ဒါကြီးကြပ်မှုကော်မတီ**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**
**နေပြည်တော်**

စာအုပ်စာပေလူ့မိတ်ဆွေ

ရွှေထိပ်တန်း သကြၤန်ကြိုတင်ရောင်းပြီ
ချောင်းသာ + ကျိုက်ထီးရိုး + ငွေဆောင်
01-710436, 701015, 095403844, 09-5044830

ဦးလှမြင့် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား သဒ္ဒါနှင့်အရေးသင်တန်းများ
၃ လအတွက် ၂၅၀၀၀/-
ငွေ ဒီးသန့်သင်တန်း

Mores Myanmar Travels (သင်္ကြန်ခရီးစဉ်များ)

| | | |
|---|---|---|
| ဓနုဖြူ-ပတ္တမြား | ၅ည/၆ရက် | April 12 |
| စင်ကာပူ-မလေးရှား | ၆ည/၇ရက် | April 12 |
| စင်ကာပူ | ၂ည/၃ရက် | April 13 |
| ကိုရီးယား-ဂျယ်ဂျူးကျွန်း | ၅ည/၆ရက် | April 10 |
| ဟောင်ကောင်-မကာအို | ၅ည/၆ရက် | April 11/12 |
| တရုတ်ပြည် (ပေကျင်း-ရှန်ဟိုင်း) | ၅ည/၆ရက် | April 11/13 |

01-376955, 09-5074744, 09-49254346

ရွှေဘုန်းလွင် ဘုရားဖူးပို့ဆောင်ရေး
Ph : 09450044494, 09450044495, 377921

Hotel Restaurant Aircon Express
APR 13
APR 12
APR 12
653575
09 421014940

NEW WAY 0973238655, 0973217877
ကျိုက်ထီးရိုး ချောင်းသာ

မောင်ဗမာစိန်မောင်
အတွဲ(၁)အမှတ်(၂) ထွက်ပြီ



# Psy၏ အယ်လ်ဘမ်အသစ် ဧပြီလထဲတွင် ထွက်ရှိမည်

တောင်ကိုရီးယား ရက်ပ်အဆိုတော် Psy က ဂမ်နမ်စတိုင်လ်တေးသီချင်း ထွက်ရှိပြီးနောက်ပိုင်း ပရိသတ်များ မျှော်လင့်စောင့်စားနေကြသည့် နောက်ဆက်တွဲ အယ်လ်ဘမ်နှင့်ပတ်သက်ပြီး ကြီးကျယ်ခမ်းနားသော ဖျော်ဖြေပွဲကြီးတစ်ခုကို လာမည့်လတွင် ဆိုးလ်မြို့၌ ကျင်းပသွားမည် ဖြစ်ပြီး ၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့သည့် ၎င်း၏ဂမ်နမ်စတိုင်လ်တေးသီချင်းဗီဒီယိုသည် ယခုအခါ ကြည့်ရှုသူ ပရိသတ်ပေါင်း ၁ ဒသမ ၃၉ ဘီလီယံကျော် ရှိနေပြီဖြစ်ကြောင်း သောကြာနေ့က ယူကျူမှတစ်ဆင့် ကြေညာခဲ့ သည်။

ဆက်လက်ပြီး Psy က ၎င်း၏တစ်ကိုယ်တော် အယ်လ်ဘမ်အသစ်ကို ဧပြီ ၁၃ ရက်တွင် စတင်ဖြန့်ချိသွားမည်ဖြစ်ပြီး ယင်းနေ့ ညပိုင်းတွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ မိုးလုံလေလုံ အားကစားခန်းမအတွင်း၌ Happening ဟု အမည်ပေးထားသော ဂီတဖျော်ဖြေပွဲကြီးကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါဖျော်ဖြေပွဲကြီးကို ယူကျူမှလည်း တိုက်ရိုက် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်း Psy က ပြောကြားခဲ့သည်။

Psy ၏ အမည်အရင်းမှာ ပတ်ဂျေးဆန်ဖြစ်ပြီး ၂၀၁၂ ခုနှစ် ဇူလိုင်လက ထွက်ရှိခဲ့သည့် ဂမ်နမ်စတိုင်လ်မြင်းစီးအကဖြင့် ကမ္ဘာ့ဂီတလောကသို့ ထိုးဖောက်ဝင်ရောက်လာခဲ့ပြီး မကြာသေးမီကလည်း ဂမ်နမ်စတိုင်လ် Remix သီချင်းဖြင့် တောင်ကိုရီးယားနိုင်ငံ သမ္မတအသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင် ပါဝင်ဖျော်ဖြေသွားခဲ့ကြောင်း သိရသည်။

# ဘာရော့ဒ်ဝေး၌ ပြသမည့်ဇာတ်ကားသစ်တွင် ဂျိမ်းစ်ဖရန်ကို ပါဝင်မည်

**ဖြိုးစန္ဒာမြင့် စုစည်းသည်**

မကြာသေးမီကမှ ထွက်ရှိထားသော Oz the Great and Powerful ဇာတ်ကားမှ သရုပ်ဆောင် ဂျိမ်းစ်ဖရန်ကိုသည် ယခုတစ်ပတ်အတွင်းကမှ Hollywood Walk of Fame အဖြစ် ဂုဏ်ပြုခြင်းခံခဲ့ရပြီး ဘရော့ဒ်ဝေး၌ ပြသမည့် ဒါရိုက်တာ ဂျွန်စတိန်းဘက်ခ်၏ Of Mice and Men ဇာတ်ကားတွင် ထပ်မံပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Of Mice and Men ဇာတ်ကားကို ၁၉၇၄ ခုနှစ်က ဘရော့ဒ်ဝေးရုပ်ရှင်ရုံများတွင် ပြသခဲ့ဖူးပြီး သရုပ်ဆောင်များအဖြစ် ဂျိမ်းစ်အားရယ်လ်ဂျုံးနှင့် ကယ်လ်ဗင်ကွန်ဝေးတို့က ပါဝင်သရုပ်ဆောင်ထားကြသည်။

ဆက်လက်၍ Hollywood Walk of Fame အဖြစ် ဂုဏ်ပြုခံရခြင်းနှင့်စပ်လျဉ်းပြီး အသက် (၃၄)နှစ်အရွယ်ရှိ သရုပ်ဆောင် ဂျိမ်းစ်ဖရန်ကိုက "ကျွန်တော်ဒါကို ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး၊ ဒါဟာ ဟောလိဝုဒ်ရုပ်ရှင်လောကရဲ့ သမိုင်းမှတ်တိုင်တစ်ခုပါ၊ ကျွန်တော့်နာမည်ဟာ အဲဒီမှာ ကမ္ပည်းထိုးထားတော့မှာပါ၊ ကျွန်တော်အခု ပြောမပြတတ်အောင်ကို ဝမ်းသာနေပါတယ်" ဟု ပြောကြားသွားခဲ့သည်။

ဂျိမ်းစ်ဖရန်ကိုနှင့် မင်းသမီး နစ်ကိုးလ်ကတ်ဒ်မင်းန်တို့ ပါဝင်သရုပ်ဆောင်မည့် Milk and Pineapple Express အမည်ရှိ ဇာတ်ကားကို ၂၀၁၁ ခုနှစ်က ဘရော့ဒ်ဝေး ရုပ်ရှင်ရုံများတွင် ပြသရန်စီစဉ်ထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရိုက်ကူးရေးကို ဖျက်သိမ်းခဲ့ရသည်။

ထို့ပြင် မကြာမီထွက်ရှိလာမည့် Lovelace ဇာတ်ကားတွင် သရုပ်ဆောင် ဂျိမ်းစ်ဖရန်ကိုက Hugh Hefner အဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို ဇန်နဝါရီလက ကျင်းပခဲ့သည့် Sudance ရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသခဲ့ပြီးဖြစ်ကြောင်း သိရသည်။

# သမီးကို သရုပ်ဆောင်မင်းသမီးဖြစ်စေချင်တဲ့ ရှရွတ်ခန်

**ဇေယျာလင်း**



ရှရွတ်ခန်နှင့် ၎င်း၏သမီး စုဟန်နာ

ဘောလိဝုဒ်စတား ရှရွတ်ခန်က ၎င်း၏သမီးအား အနုပညာနယ်ပယ်တွင် အခြေချရန် ရည်ရွယ်ထားကြောင်း အွန်လိုင်းသတင်းဝက်ဘ်ဆိုက်တစ်ခုသို့ ထုတ်ဖော်ပြောကြားသည်။

"သမီးစုဟန်နာကို အနုပညာရှင်မင်းသမီးတစ်ယောက်ဖြစ်လာဖို့ ရည်ရွယ်ထားပါတယ်။ ဒီအတွက် လိုအပ်တဲ့ ကူညီပံ့ပိုးမှုတွေ လုပ်သွားမှာပါ။ အနုပညာရှင် မင်းသမီးတစ်ယောက်ဖြစ်လာမယ်ဆိုရင် ကျွန်တော်အရမ်းပျော်ရွှင်မိမှာပါ"ဟု ဆိုသည်။

၎င်းက ဆက်လက်၍ "ကျွန်တော်တို့ဇနီးမောင်နှံရဲ့ ချစ်သက်တမ်းဟာ ၂၀ နှစ်ရှိပါပြီ။ ကျွန်တော့် အမျိုးသမီးဟာ မိသားစုကို ဂရုစိုက်တည့်မတ်ပေးနေတဲ့ အိမ်ရှင်မကောင်းတစ်ယောက်ပါ။ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်တာ မကြိုက်ဘူး။ ဒါပေမယ့် ကျွန်တော့်အမျိုးသမီးဟာ အံ့ဩစရာကောင်းလောက်အောင် နားလည်ပေးနိုင်တဲ့သူပါ"ဟု ထပ်လောင်းပြောကြားသည်။

မတ် ၈ ရက်တွင် ကျင်းပခဲ့သော နိုင်ငံတကာ အမျိုးသမီးများနေ့နှင့်ပတ်သက်ပြီး အိန္ဒိယလူ့အဖွဲ့အစည်း၏ ကျောထောက်နောက်ခံမှာ အမျိုးသမီးများသာဖြစ်ကြောင်း၊ အောင်မြင်ကျော်ကြားသော အမျိုးသမီးများသည် နိုင်ငံအတွက် မည်မျှအရေးပါကြောင်း ၎င်းက အမျိုးသမီးများအား ဂုဏ်ပြုချီးကျူးစကား ဆိုခဲ့သည်။

# အိုဆာကာအာရှရုပ်ရှင်ပွဲတော်(၂၀၁၃) ဖွင့်ပွဲ ကျင်းပ

အာရှဒေသ၏ ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် အိုဆာကာ အာရှရုပ်ရှင်ပွဲတော်(၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက်က ဂျပန်နိုင်ငံ အိုဆာကာ မြို့တော်၌ ကျင်းပခဲ့ရာ အာရှဒေသမှ လက်ရွေးစင်ရုပ်ရှင်ကားပေါင်း ၄၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ ရုပ်ရှင်ချစ်ပရိသတ်ပေါင်း ၅၀၀ ကျော်တို့ တက်ရောက်ခဲ့ကြပြီး ယင်းရုပ်ရှင်ပွဲတော်ကို အာရှဒေသ၏ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်း လူမျိုးအချင်းချင်း ဆက်ဆံရေး ပိုမိုလွယ်ကူချောမွေ့စေရေးကို ရည်ရွယ်ကျင်းပသော ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းရုပ်ရှင်ပွဲတော်ကို ရုပ်ရှင်ပွဲတော်ကျင်းပရေး အလုပ်အမှုဆောင်ကော်မတီ၊ ဟောင်ကောင်ဒေသတွင်း စီးပွားရေးနှင့်ကုန်သွယ်ရေးအထူးစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အာရှနိုင်ငံများမှ အခြားသော လူမှုရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများက ကြီးမှူးစီစဉ်ကျင်းပခြင်းဖြစ်ပြီး ရုပ်ရှင်ကားများ ယှဉ်ပြိုင်ပြသခြင်းများကို အိုဆာကာမြို့ရှိ ယဉ်ကျေးမှုပြတိုက်နှင့် မြောက်မြားစွာသောရုပ်ရှင်ရုံများ၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အိုဆာကာရုပ်ရှင်ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအနက် တစ်ခုမှာ အာရှဒေသမှ လူမျိုးများက မိမိတို့၏ယဉ်ကျေးမှုများအကြောင်းကို ချပြနိုင်ကြပြီး တစ်သွေးတစ်သားတည်းခံယူတတ်စေရန် ရည်ရွယ်ကြောင်း အဆိုပါပွဲတော်မှ ဒါရိုက်တာဖြစ်သူက ပြောကြားခဲ့သည်။

၁၀ ရက်ကြာ ကျင်းပမည့် အဆိုပါပွဲတော်တွင် နိုင်ငံပေါင်း ၁၅ နိုင်ငံနှင့် ဒေသတွင်းမှ ရုပ်ရှင်ကားများ ပါဝင်ယှဉ်ပြိုင်ပြသကြမည်ဖြစ်ပြီး ဆုရရှိသည့် ဇာတ်ကားများကို အိုဆာကာအာရှ ရုပ်ရှင်ပွဲတော်(၂၀၁၃)ဆုကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။


## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးသက်နိုင်ဦး Vice Chairman (NAING Group Construction Co.,Ltd) ၏ ၁၃-၃-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင်မိသားစုနှင့် အတူ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်ပြီးပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

**Sales & Marketing Dept; မှဝန်ထမ်းများ**
**(NAING Group Construction Co.,Ltd)**

## တိုက်ခန်းနှင့် လုံးချင်းအိမ်များရောင်းမည်

၁။ ၁၅ပေ×ပေ၄၀ မြေညီထပ်ခိုးပါ (စမ်းချောင်း)
၂။ ၁၂½ပေ×ပေ၅၀ မြေညီထပ်ခိုးပါ (စမ်းချောင်း)
၃။ ၁၂½ပေ×ပေ၅၀ ပထမထပ် (စမ်းချောင်း)
၄။ ၁၂½ပေ×ပေ၅၀ ဒုတိယထပ်(စမ်းချောင်း)
၅။ နှစ်ထပ်လုံးချင်း အသေး(၃)လုံး(အင်းစိန်)
၆။ မြေ ၄၀'×၄၀'
၇။ မြေ ၃၀'×၇၀'

**ဆက်သွယ်ရန်**
**ဖုန်း-၀၉၇၃၀၄၃၉၈၃၊ ၀၉၇၃၀၇၅၃၆၃**





















## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန

မော်တော်ယာဉ်များအား ရေနံဓာတ်ငွေ့ရည်သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်း (LPG Conversion)နှင့် မော်တော်ယာဉ်သုံးရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(LPG Filling Station) များ တည်ဆောက်ဖွင့်လှစ်ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဆိုပြုလွှာများခေါ်ယူခြင်း။

၁။ မော်တော်ယာဉ်များအား ရေနံဓာတ်ငွေ့ရည်သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်း(LPG Conversion)နှင့် မော်တော်ယာဉ်သုံး ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(LPG Filling Station) များ တည်ဆောက်ဖွင့်လှစ်ရောင်းချခြင်းလုပ်ငန်းများ လုပ်ကိုင်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် လုပ်ငန်းများအလိုက် လုပ်ကိုင်လိုသည့်နေရာဒေသ၏ လိပ်စာအတိအကျနှင့် အကျယ်အဝန်းဖော်ပြ၍ စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။

၂။ LPG Conversion၊ LPG Filling Station တည်ဆောက်ဖွင့်လှစ်ရောင်းချခြင်း၊ LPG တင်သွင်းခြင်းနှင့် သိုလှောင်ခြင်းများကို မိမိအစီအစဉ်ဖြင့်သာ ဆောင်ရွက်ရမည်။

၃။ LPG Conversion ဆောင်ရွက်ခြင်းနှင့် LPG Filling Station တည်ဆောက်ခြင်းတို့အတွက် မြေနေရာပိုင်ဆိုင်မှုအထောက်အထား၊ အဆိုပါမြေနေရာတွင် ရေနံဓာတ်ငွေ့ရည်လုပ်ငန်း လုပ်ကိုင်မည်ဆိုပါက ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေးအန္တရာယ်ကျရောက်စေနိုင်ခြင်းမရှိကြောင်းကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတို့မှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်ပါရှိရမည်။

၄။ တင်သွင်းမည့် ရေနံဓာတ်ငွေ့ရည်(LPG)သည် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အရည်အသွေး(Specification)နှင့် ကိုက်ညီရမည်။

၅။ လုပ်ကိုင်ခွင့်ရရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေးအန္တရာယ်ကျရောက်ခြင်းမရှိစေရေးအတွက် စွမ်းအင်ဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။ စွမ်းအင်ဝန်ကြီးဌာနမှ အခါအားလျော်စွာ ဖွင့်လှစ်ပို့ချသည့် ရေနံဓာတ်ငွေ့ရည်ဆိုင်ရာသင်တန်းများသို့ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဝန်ထမ်းများအားလုံး တက်ရောက်ရန်လိုအပ်ပါမည်။

၆။ မော်တော်ယာဉ်များအား ရေနံဓာတ်ငွေ့ရည်သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်း (LPG Conversion)နှင့် မော်တော်ယာဉ်သုံးရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(LPG Filling Station) တည်ဆောက်ဖွင့်လှစ်ရောင်းချခြင်းလုပ်ငန်းတို့နှင့် ပတ်သက်သည့်ကိစ္စများကို အောက်ဖော်ပြပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ရုံးအမှတ်-၄၄၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၅၀

၇။ လျှောက်ထားသူများအနေဖြင့် အဆိုပြုလွှာများကို အောက်ဖော်ပြပါလိပ်စာသို့လိပ်မူ၍ ပေးပို့တင်ပြရန်ဖြစ်ပါသည်-

**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်-၆၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၆၀**

အထက်မြန်မာပြည်သတင်း

# စစ်ကိုင်းမြို့ သမိုင်းဝင် မဟာစည်းခုံကြီးစေတီတော်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**စစ်ကိုင်း မတ် ၁၂**

စစ်ကိုင်းမြို့ ပါရမီရပ်ကွက် သမိုင်းဝင် မဟာစည်းခုံကြီးစေတီတော်ကြီး **(ယာပုံ)**၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို တပေါင်းလဆန်း ၁၁ ရက်မှ စတင်၍ သာသနာ့ဗိမာန်ကြီးရေစက်ချကုသိုလ်ပွဲနှင့်အတူ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့ မဟာစည်းခုံကြီးစေတီတော်ကြီးကို သက္ကရာဇ် ၇၁၄ ခုနှစ် တပေါင်းလဆန်း ၁၁ ရက် ကြာသပတေးနေ့တွင် စစ်ကိုင်းမင်းဆက်၏ ခုနစ်ဆက်မြောက်မင်း ဆင်ဖြူသခင် သီဟပတိနှင့် မိဖုရားစိုးမင်းကိုယ်တော်ကြီးတို့က တည်ထားကိုးကွယ်ခဲ့သည်။ ရာသီဥတုဒဏ်၊ ငလျင်ဒဏ်တို့ကြောင့် နှစ်ပေါင်း ၆၅၀ ကျော် ဘုရားပျက်အုတ်ပုံကုန်းမျှသာ တည်ရှိနေခဲ့ရာ သီတဂူဆရာတော်ကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်အစိုးရက ၁၃၇၁ ခုနှစ် တန်ခူးလပြည့်ကျော် ၉ ရက် (၁၈-၄-၂၀၀၉)ရက်နေ့တွင် ပြန်လည်တည်ဆောက်ပြုပြင်ခဲ့ရာ အောင်မြင်ပြီးစီးသဖြင့် ၁၈-၃-၂၀၁၁ ရက်နေ့တွင် ထီးတော်အထွက် တင်လှူပူဇော်ခဲ့ကြောင်းသိရသည်။ မဟာစည်းခုံကြီးစေတီတော်ပရိဝုဏ်အတွင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် တည်ဆောက်ခဲ့သည့် သာသနာ့ဗိမာန်တော်ကြီးမှာလည်း ယခုအခါ အောင်မြင်ပြီးစီးခဲ့ပြီဖြစ်၍ ယခုနှစ် မဟာစည်းခုံကြီးစေတီတော် ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကြီးနှင့်အတူ သာသနာ့ဗိမာန်တော်ကြီး၏ ရေစက်ချ သာဓုအနုမောဒနာခေါ် ကုသိုလ်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မဟာစည်းခုံကြီးစေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော် စာရေးတံမဲနှင့် ဆွမ်းလောင်းပွဲတော်ကို စေတီတော်ကြီး စတင်တည်ထားတော်မူသည့် နေ့ရက်ဖြစ်သည့် တပေါင်းလဆန်း ၁၁ ရက်နေ့(မတ် ၂၂ ရက်)တွင် ကျင်းပသွားမည်ဟု သိရပြီး ညပိုင်းတွင် သီတဂူအရှင်ဉာဏိဿရ ဆရာတော်၏ဓမ္မသဘင်တရားပွဲကိုလည်းကောင်း မတ် ၂၃ ရက် ညပိုင်းတွင် သီတဂူအရှင်သုမနဆရာတော်၏ ဓမ္မသဘင်တရားပွဲများကို လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မတ် ၂၃ ရက်တွင် သာသနာ့ဗိမာန်တော်ကြီး၏ ရေစက်ချ၊ သာဓုအနုမောဒနာခေါ် ကုသိုလ်ပွဲကျင်းပမည်ဖြစ်ပြီး ညပိုင်းတွင် သီတဂူဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (သီတဂူဆရာတော်ကြီး)က နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားချီးမြှင့်သွားမည်ဟု သိရသည်။ **(နန္ဒာမင်းလွင်)**





## လမ်းပိတ်ဈေးရောင်းနေသည့် ပျံ့ကျဈေးသည်များအား ဖယ်ရှားစေချင်

**မန္တလေး မတ် ၁၂**

မီးလန့်မှုကြောင့် ထွက်ပြေးရာတွင် ဈေးပေါက်ဝရှိပျံ့ကျဈေးသည်များ ပိတ်နေသောကြောင့် အရေးပေါ်ထွက်ပေါက်မရှိသကဲ့သို့ဖြစ်ရာ ဈေးပေါက်ဝများတွင် လမ်းပိတ်၍ဈေးရောင်းနေသည့်ပျံ့ကျဈေးသည်များအား ဖယ်ရှားစေချင်ကြောင်း ဈေးသူဈေးသားများက ပြောကြားသည်။

မီးလန့်မှုမှာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား မန်းမြန်မာပလာဇာမြေအောက်ထပ်ရှိ ဆိုင်အမှတ် G-27, G-28 တွင် မတ် ၁၀ မွန်းလွဲ ၁ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဈေးဆိုင်ခန်းအား အမွှေးတိုင်၊ ကွမ်းပစ္စည်းနှင့် ပရဆေးများ သိုလှောင်ထားသည့် ဂိုဒေါင်အဖြစ်အသုံးပြုထားပြီး သိုလှောင်ထားသည့် အိန္ဒိယဆေး(ရှီးကား) ပီနံအိတ်ထုပ်မှ ပေါက်ကွဲသံမြည်ခြင်း၊ အနံ့ထွက်ခြင်းဖြစ်ကာ မီးလန့်ခြင်းဖြစ်သည်။ မီးလောင်သည်ဟု သိလျှင်သိချင်း မီးသတ်ဆေးဘူးများဖြင့် ဝိုင်းဝန်းငြိမ်းသတ်လိုက်သဖြင့် မီးငြိမ်းသွားပြီး ရှီးကား ပီနံအိတ်သာ မီးအနည်းငယ်လောင်သည်ကို တွေ့ရသည်။**(အပေါ်ပုံ)**

"မီးခိုးတွေထွက်လာတော့ မီးလောင်တယ်ဆိုပြီး ဈေးသည်တွေရော ဈေးဝယ်တွေပါ ထွက်ပြေးကြပါတယ်။ အပေါက်ဝမှာ ပျံ့ကျဈေးသည်တွေ ပိတ်နေတော့ ထွက်လို့မရဘူး။ တကယ်တမ်းသာမီးလောင်ခဲ့ရင် ထွက်ပြေးဖို့ အပေါက်ကိုမရှိဘူး။ အရမ်းကို အန္တရာယ်များပါတယ်"ဟု ဈေးသူဈေးသားများက စည်ပင်ဝန်ထမ်းများအား ဝိုင်းဝန်းပြောဆိုနေကြသည်။

စည်ပင်ဝန်ထမ်းတစ်ဦးက "နေ့တိုင်းရှင်းနေတာ ခင်ဗျားတို့အမြင်ပါပဲ။ ရှေ့ကရှင်း နောက်ကပြန်ဖွင့်နေကြတာ။ ကျွန်တော်တို့လည်း ပျံ့ကျရောင်းနေတဲ့သူတွေကို မိအောင်ဖမ်းပြီး ဒဏ်ငွေရိုက်အရေးယူပါတယ်"ဟု ပြန်လည်ဖြေကြားသည်ကို သိရသည်။

"ဒဏ်ကြေးကို များများရိုက်စေချင်တယ်။ ဈေးပေါက်ဝတင်မကဘူး လမ်းဘေးမှာရပ်ထားတဲ့ကားရှေ့မှာရော ကားဘေးနဲ့ ပလက်ဖောင်းတွေမှာပါ ဈေးရောင်းနေကြတာ။ လမ်းလျှောက်စရာတောင်မရှိဘူး။ အခုလို အရေးပေါ်လာရင် ဈေးသူဈေးသားနဲ့ ဈေးဝယ်တွေအတွက် အန္တရာယ်ပါပဲ"ဟု ဈေးသူဈေးသားများက ဆက်လက်ပြောကြားသည်။

မီးလန့်ခြင်းနှင့်ပတ်သက်ပြီး "နေ့ခင်းမှာဖြစ်လို့ပေါ့ဗျာ၊ ညဘက်မှာသာ ဖြစ်ရင်တော့ မစဉ်းစားရဲတော့ဘူး။ ဆိုင်ကလည်း တံခါးပိတ်ထားတဲ့ဂိုဒေါင်ဖြစ်နေတယ်"ဟု ကိုကျော်ကျော်က ပြောကြားသည်။ ဈေးဖြစ်သည့်အလျောက် လမ်းပိတ်ဆို့မှုရှိနိုင်သော်လည်း ဆိုင်ကယ်အပ်လက်ခံသည့်နေရာမှာ မူလသတ်မှတ်ထားသည်ထက် လမ်းမပေါ်သို့ ပိုမိုရောက်ရှိနေခြင်း၊ ကားများနှစ်ထပ်ရပ်ခြင်းများကြောင့် မီးသတ်ကားများ ဝင်ရောက်ရန်အခက်အခဲများလည်းရှိသည်ဟု သိရသည်။ **(၀၀၂)**

## အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာမည့် စက်မှုဇုန်(စစ်ကိုင်း)

**စစ်ကိုင်း မတ် ၁၂**

စစ်ကိုင်းမြို့ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီမှ စက်မှုဇုန်တွင် လုပ်ကိုင်နေသော လုပ်ငန်းများနှင့်ပတ်သက်၍ မြို့ဘက်စုံဖွံ့ဖြိုးရေးအဖွဲ့(မြို့မိမြို့ဖ)နှင့် သတင်းစာဆရာ၊ စာရေးဆရာများအား ရှင်းလင်းပွဲကို မတ် ၉ ရက် နံနက် ၁၀ နာရီတွင် ပတ္တမြားရပ်ကွက် စက်မှုဇုန်ကြီးကြပ်မှုကော်မတီ ရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုမြင့်က စစ်ကိုင်းစက်မှုဇုန် စတင်တည်ဆောက်မှု၊ စက်ရုံ၊ အလုပ်ရုံဖွံ့ဖြိုးဆောင်ရွက်နေမှုများ၊ ကုန်ပစ္စည်းထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စက်ရုံ၊ အလုပ်ရုံများ၏လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံပြသကာ သက်ဆိုင်ရာစက်ရုံမှူးများက ရှင်းလင်းပြသသည်။

စစ်ကိုင်းမြို့မြောက်ဘက် မင်းဝံတောင်၊ အနောက်ဘက်ပတ္တမြားရပ်ကွက်နှင့် နီလာရပ်ကွက် မြေဧရိယာ ၈၈၈ ဒသမ ၅၂ ဧကရှိ မြေကွက်ပေါင်း ၁၉၄ ကွက်ပေါ်၌ ၁၁-၁၂-၁၉၉၇ ခုနှစ်တွင် စက်ရုံ၊ အလုပ်ရုံပေါင်း ၄၃ ရုံ တည်ဆောက်ခဲ့သည်။ ၎င်းတို့မှာ သစ်အခြေခံစက်ရုံ ကိုးရုံဖြစ်ပြီးထုတ်လုပ်သည့် ကုန်ပစ္စည်းများမှာ အထပ်သားဆိုဒ်စုံ၊ ဖော်မီကာ၊ ကြမ်းခင်းလျှာထိုး၊ ပရိဘောဂ၊ တံခါးရွက်၊ ပြတင်းပေါက်၊ ပါကေးနှင့် သစ်ခွဲသားဆိုဒ်စုံဖြစ်သည်။**(အောက်ပုံ)**

လူသုံး၊အိမ်သုံး စက်ရုံ ၁၈ ရုံမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများမှာ အိမ်သုံးဝါယာကြိုး၊ တယ်လီဖုန်းကေဘယ်ကြိုး၊ လျှပ်စစ်ကြိုး၊ မီးချောင်းချုပ်/ဖရိမ်နှင့် မီးခလုတ်မျိုးစုံ၊ PVC ပိုက်ဆိုဒ်စုံ၊ ကွန်ကရစ်ဓာတ်တိုင်နှင့် ကြေးပြား၊ ဆွဲခြင်း၊ ရေပုံး၊ ရေခွက်၊ ပလတ်စတစ်ကြိုး၊ ပီပီအိပ်စသည့် လူသုံးကုန်ပစ္စည်းမျိုးစုံ၊ ချည်ထည်အမျိုးမျိုး၊ ခြင်ထောင်၊ ပိတ်ဖြူ၊ ကျားဝတ်၊ မဝတ်လုံချည်၊ စာရေးစက္ကူ၊ ဂျပ်စက္ကူနှင့် တစ်သျှူးလိပ်စားသောက်ကုန်စက်ရုံငါးရုံတွင် ထုတ်လုပ်သည့် ကုန်ပစ္စည်းများမှာ ဆန်နှင့် ဆန်ထွက်ပစ္စည်း၊ ဝါစေ့ဆီ၊ ဝါဖတ်၊ ပဲပုပ်ဆီ၊ ပဲပုတ်ဖတ်၊ ရေခဲ၊ သောက်ရေသန့်တို့ဖြစ်သည်။ သံရည်ကြိုစက်ရုံ ကိုးရုံမှ ထုတ်လုပ်သည့်ပစ္စည်းများမှာ သံစိမ်းတုံး၊ သံနန်းဆွဲများ ထွက်ရှိပြီး ကားထုတ်လုပ်ရေးစက်ရုံ နှစ်ရုံမှ ဘတ်စ်ကားများ၊ ဂျစ်ကားများ၊ ကုန်တင်ယာဉ်နှင့် ကားဘော်ဒီအမျိုးမျိုး ထုတ်လုပ်လျက်ရှိသည့် အလုပ်ရုံ၊ စက်ရုံများအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား အခြေအနေမှာ မုံရွာစက်မှုဇုန်ခွဲ(စစ်ကိုင်း)တွင် 10 MVA ဓာတ်အားခွဲရုံဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကာ စက်ရုံ၊ အလုပ်ရုံများတွင် ကိုယ်ပိုင်ထရန်စဖော်မာတပ်ဆင်ထားမှုမှာ 500 KVA ၂၇ လုံးနှင့် 315 KVA ၁၈ လုံးဖြစ်သည်ဟု သိရသည်။

စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်လျက်ရှိသော ကာယ၊ ဉာဏ အလုပ်သမားများ၏ ကုန်ထုတ်လုပ်မှု စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လူမှုဖူလုံရေးအဖွဲ့မှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရသည်။ အလုပ်သမားမိသားစုများအတွက် နေ့ကလေးထိန်းဌာန၊ ကျန်းမာရေးဆေးပေးခန်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်စခန်းလည်း ဖွင့်လှစ်ထားရှိပြီး အလုပ်သမားမိသားစုများအတွက် သောက်သုံးရေရရှိရေးကိုလည်း ဆောင်ရွက်ထားရှိကြောင်းသိရသည်။ စစ်ကိုင်းစက်မှုဇုန်ကို စစ်ကိုင်း၊ မုံရွာစက်မှုဇုန် ဇုန်ခွဲအဆင့်မှ သီးသန့်ဇုန်အဖြစ် အဆင့်တိုးမြှင့်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းမြို့တွင် စက်မှုဇုန်မှ စက်ရုံ၊ အလုပ်ရုံများ ပေါ်ထွန်းလာသည့်အတွက် စစ်ကိုင်းမြို့နယ်အတွင်းရှိ ပြည်သူများ မိသားစုများနှင့်အတူ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာသည့်အတွက် မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(ထွေးမြင့်နိုင်-စစ်ကိုင်း)**





## ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ်များ မှတ်ပုံတင်ကြရန် အသိပေး

**မန္တလေး မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင် မော်တော်ယာဉ်လုပ်ငန်း ယာဉ်များစနစ်တကျပြေးဆွဲရေး နည်းဥပဒေအခန်း(၃)၊ ပုဒ်မ(၁၈)အရ မန္တလေးတိုင်းဒေသကြီးအခြေစိုက် ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ်များ၊ အသင်းများ၊ ကုန်ဂိတ်များသည် မန္တလေးတိုင်းဒေသကြီး ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီသို့ လာရောက်မှတ်ပုံတင်ကြရန်နှင့် မှတ်ပုံတင်ခြင်းမရှိဘဲ ပြေးဆွဲပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ လုပ်ငန်းလိုင်စင်ရယူထားသော မော်တော်ယာဉ် ၁၃၅၀ စီးခန့်သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပို့ဆောင်ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့တွင် သက်တမ်းတိုးရန် ပျက်ကွက်နေကြောင်း စိစစ်တွေ့ရှိရသဖြင့် အမြန်ဆုံးသက်တမ်းတိုးဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက အသိပေးထားကြောင်း သိရသည်

**ကိုကိုကြီး(မန္တလေး)**

လယ်ယာစပါး
ပြည့်အားထား
တားဆီးကာကွယ်
မီးရန်စွယ်

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၈၄)၊ ဦးပိုင်အမှတ်(၁၈-က) (ခဲစင်း)အရှေ့ဘက်ခြမ်း၊ ၃၆-လမ်း၊ ၇၃×၇၄ လမ်းကြား၊ ဦးတင် (နှမ) မညို အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်ကြည်ကြည်စိန် [၉/မမန(နိုင်)၀၃၆၅၆၉]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်ပျောက်၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၆)၊ ဦးပိုင်အမှတ်(၁)၊ ၃၇×၃၈ လမ်းကြား၊ ၇၁×၇၂လမ်းကြား၊ ဦးချို အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်အေးဝင်း [၉/ပသက(နိုင်)၀၅၆၉၂၆]၊ ဦးအောင်ချိုဝင်း [၉/ပသက(နိုင်)၀၆၇၁၉၀]၊ ဒေါ်အေးအေးချို (PTI-၀၅၃၀၀၁)၊ ဦးအောင်မျိုးဝင်း[၉/ပသက(နိုင်)၀၈၈၈၅၄]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



**(ယမန်နေ့မှအဆက်)**

ဖွင့်လျက်သားရှိသော တံခါးဖြူတပ်ဝင်းပေါက်မှ ကားကို မောင်း၍ ဦးမြင့်နွယ် ဝင်ခဲ့သည်။

အိမ်က ခေတ်မီသကဲ့သို့ ကျယ်ဝန်းသောခြံကလည်း ခေတ်မီသည်။ ပန်းခင်းနှင့် ရိုးရိုးမြက်ခင်းတို့အပြင် ဂေါက်သီးလေ့ကျင့်ရန် မြက်ခင်းလည်းရှိနေသည်။ ထင်းရှူးနှင့် ယူကလစ်ပင်တက်စ်ပျိုများကိုလည်း စနစ်တကျ စိုက်ထားသေး၏။

အင်္ဂတေလမ်းအတိုင်း ကွေ့ဝင်ပြီး ဦးမြင့်နွယ်သည် ဆင်ဝင်အောက်၌ ကားကိုရပ်လိုက်၏။

ခေါက်တံခါးတပ်ထားသော အိမ်ရှေ့ပေါက်၌ ရှမ်းသွေးနှောပုံရသော လူကြီးတစ်ဦးက အဆင်သင့်စောင့်နေဟန်ဖြင့် မေးသည်။

"ဆရာဦးမြင့်နွယ်ဆိုတာပါလား"

"ဟုတ်ပါတယ်"

"ကြွပါ ကြွပါ"

ဦးမြင့်နွယ်ထိုင်နေသော ဧည့်ခန်းမှာ လုံလုံခြုံခြုံ နွေးနွေးထွေးထွေးရှိလှ၏။

စိမ်းပြာနုရောင် မွေးပွကော်ဇောကို ခန်းလုံးပြည့် ခင်းထား၏။ ပလိတ်ဂလတ်စ်ခေါ် မှန်ပြားထူတပ်ထားသည့်ပြတင်းကျယ်ကြီးများရှိသည်။ ပြတင်းကျယ်ကြီးတိုင်း၌ ရွှေ့လျား၍ရသော ခရမ်းနုရောင် ပိတ်သားထူ ခန်းဆီးရှည်ကြီးများဆင်ထားသည်။ နေရောင်နှင့် အလင်းရောင်ကို လိုအပ်သကဲ့သို့ ပြုပြင်နိုင်သော အဆင်အပြင်ဖြစ်၏။

အခန်းမှာ အလျားပေနှစ်ဆယ်၊ အနံဆယ့်ငါးပေခန့်ရှိသဖြင့် အတန်ပင် ကျယ်ဝန်းသည်။ ဆိုဖာများအပြင် အခန်းတစ်ထောင့် အလူမီနီယံပေါင်နှင့် မှန်သားပတ်လည်ကာ စာအုပ်ဗီရိုပု၊ အံဆွဲတပ် ကျွန်းစားပွဲ၊ ဆုံလည်ကုလားထိုင်၊အုပ်ဆောင်းဝိုင်းတပ် မတ်ရပ်မီးတိုင်တို့ ရှိနေကြသည်။ အခန်း၏ အလယ်ပိုင်းနံရံနှင့် ကပ်လျက်ကား အနက်ရောင်ဂျပန်ပြည်လုပ် ပီယာနိုပုတစ်လုံး၊ ဖိလစ်အမျိုးအစား ဟိုင်းဖိုင်ဆက်တ်တစ်ခု၊ ဂရန်းဒစ် တိပ်ရက်ကော့ဒါတို့လည်း ရှိနေသေးသည်။

အခန်းကား သာမန်ဧည့်ခန်း မဟုတ်ဘဲ သက်သက်သာသာနေနိုင်သည့် နားနေခန်းတစ်မျိုးဖြစ်၏။

ဦးမြင့်နွယ် ထိုင်နေရာ လက်ဝဲဘက်ရှိ ခန်းဆီးထူတပ် တံခါးပေါက်မှနေ၍ ကပ်နေသော တစ်ဖက်ခန်းကို လှမ်း၍ မြင်ရသည်။ ယင်းအခန်းက ပိုကျယ်သည်။ ဟိုတယ်များတွင် တွေ့ရတတ်သော အရက်ဘားကောင်တာ ရှိသည်။ ကောင်တာရှေ့တွင် ခွေးခြေရှည်များရှိ၍ ကောင်တာအတွင်းပိုင်းတွင် ရေခဲသေတ္တာ၊ အရက်ဗီရို စသည်တို့ ရှိနေ၏။

ဦးမြင့်နွယ်က ပြုံးမိ၏။ ယနေ့တိုင်အောင် ကျောက်တွင်းသူဌေးများကား ချမ်းသာဆဲပါတကား။

ဦးမြင့်နွယ်နှင့် မျက်နှာချင်းဆိုင်တွင်ကား အပေါ်ထပ်သို့တက်သော လှေကားရှိသည်။ ကျွန်းသားလက်တန်းက ပြောင်လက်နေသကဲ့သို့ လှေကားထစ်များကလည်း ပြောင်လက်နေသည်။ လှေကားထစ်များ၏ ဗဟိုအလယ်တစ်လျှောက်ကို ကြမ်းခင်းကော်ဇောနှင့် အရောင်တူ ကော်ဇောရှည် ခင်းထား၏။

လှေကားထိပ်၌ မွန်မွန်ပေါ်လာသည်။ ကလေးမသည် ရှည်သွယ်ဖြူလက်သော သွားလေးများပေါ်အောင် ပြုံးပြီး နှုတ်ဆက်သည်။

ဦးမြင့်နွယ်သည် မနေနိုင်တော့ဘဲ လှေကားအတိုင်း တက်သွားမိ၏။ ကလေးမကို ယုယစွာ တွဲခေါ်ကူညီပေးမိသည်။

မွန်မွန့်ကို ဆိုဖာတစ်ခုပေါ်တွင် နေရာချပေးပြီးမှ ဦးမြင့်နွယ်သည် မိမိ၏နေရာတွင် ပြန်ထိုင်သည်။

"သန့်ခ်ယူ ဆရာ၊ ဧည့်သည်က အိမ်ရှင်ကို ကူနေရတာ အားနာစရာကြီး"

"ကိစ္စမရှိပါဘူး၊ ဒါထက် နော်မြသွေးကော"

"ရေချိုးနေတယ်၊ မွန်မွန်က ဆရာ ရောက်မလာသေးဘူး အောက်မေ့လို့"

"ဆရာက လာမယ်ဆိုရင် ဆက်ဆက် လာတတ်ပါတယ် မွန်မွန်"

"မွန်မွန့်ဆီလာရလို့ ဆရာ ဂေါက်မရိုက်ရတော့ဘူးပေါ့၊ ဒက်ဒီကတော့ ဂေါက်ရိုက်တာ ဘယ်တော့မှအပျက်မခံဘူး"

"မွန်မွန်က ဒုက္ခခံပြီး ဆရာ့အိမ် ရှာဖွေလာဖူးတော့၊ မွန်မွန့်ဖိတ်တော့လည်း ဆရာလည်း ဂေါက်ရိုက် အပျက်ခံနိုင်ရမှာပေါ့"

"မွန်မွန့်ကို ခုလို ကရုဏာထားတာ မွန်မွန် သိပ်ဝမ်းသာပါတယ် ဆရာ"

ဦးမြင့်နွယ်က စကားမတုံ့ပြန်ဘဲ မွန်မွန့်ကို အပြုံးနှင့်သာ ကြည့်သည်။ မွန်မွန်၏ မျက်နှာလေးကလည်း ပြုံးနေသည်။

သို့ရာတွင် အပြုံးကြားထဲက အားငယ်မှုနှင့် ဝမ်းနည်းမှုကိုလည်း မြင်နေရသည်ဟု ဦးမြင့်နွယ်ထင်သည်။

"မွန်မွန့်ဒက်ဒီ အခုလည်း ဂေါက်ရိုက်သွားသလား"

"ဟုတ်ပါတယ် ဆရာ၊ တော်တော်ကြာ သူ့အဖော်တွေနဲ့ ပြန်လာလိမ့်မယ်"

မွန်မွန်က အမှတ်မထင် ပြောလိုက်သော်လည်း မွန်မွန့်စကားတွင် တစ်စုံတစ်ရာသော အဓိပ္ပာယ်ကို ဦးမြင့်နွယ် ခံစားသိလိုက်သည်။ သူ့အဖော်တွေနဲ့ . . . သည်စကားက 'စိမ်း'သည်။ မနှစ်သက် မလိုလားမှုသဘောက ဖုံးမြုပ်ပါဝင်နေသည်။ သူ၊ ငါကြား ခြားနားထားမှုအနက်လည်း ထင်နေသည်။

"မွန်မွန့် မေမေကော"

ဘာကြောင့် မသိ၊ မွန်မွန်က အဓိပ္ပာယ်မရှိ ရယ်၏။ ပြီးမှ လေအေးနှင့်ပင် ဖြေ၏။

"မာမီကလည်း သိပ်အိမ်ကပ်တာ မဟုတ်ဘူး"

ဦးမြင့်နွယ် စဉ်းစားပြန်သည်။ သည်စကားမှာလည်း အခြားသော အဓိပ္ပာယ်တစ်ခု ပါဝင်နေပြန်သည်။

လျင်မြန်စွာပင် မွန်မွန်သည် စကားအမှားကို ပြင်သည့်ဟန်ဖြင့်ဆက်ရှင်းသည်။

"မွန်မွန်တို့အိမ်က တစ်မျိုးပဲ၊ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ကျင့်သုံးကြတယ် ဆိုပါတော့၊ ဒက်ဒီကလည်း သူ့ဟာသူ လွတ်လွတ်လပ်လပ်နေတယ်၊ မာမီကလည်း ဒီအတိုင်းပဲ၊ မွန်မွန်ကလည်း အဲဒါပဲ ကြိုက်ပါတယ်လေ"

မွန်မွန်သည် ခေတ္တစကားရပ်လိုက်ပြီး အခန်းကို လက်ညှိုးလေးဖြင့် ညွှန်ပြ၏။

"ဟောဒီအခန်းက မွန်မွန့်ကမ္ဘာလေးပဲ၊ မွန်မွန်နဲ့ပဲ ဆိုင်တယ်၊ မွန်မွန့်ဧည့်သည်တွေပဲ လက်ခံတယ်၊ မွန်မွန် စာရေးချင် ရေးမယ်၊ စာဖတ်ချင်ဖတ်မယ်၊ မြူးဇစ် နားထောင်ချင် နားထောင်မယ်၊ ဒါမှမဟုတ် ထိုင်လျက် အိပ်ချင်အိပ်နေမယ်၊ ဒက်ဒီရော မာမီရော မွန်မွန့်ကို သိပ်အလိုလိုက်ပါတယ်၊ မွန်မွန်လိုချင်တာ အကုန်လုပ်ပေးကြတာပဲ၊ မွန်မွန် စိတ်ချမ်းသာအောင် အကုန်ဆောင်ရွက်ပေးကြတယ်၊ ကားနဲ့ ဒရိုင်ဘာတောင် မွန်မွန့်ကားနဲ့ မွန်မွန့် ဒရိုင်ဘာ၊ မွန်မွန်ကလည်း မွန်မွန့်လောကမှာ မွန်မွန့်ဘာသာ နေချင်တယ်၊ မွန်မွန့်ကြောင့်လည်း ဒက်ဒီနဲ့ မာမီ့အပေါ် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်မနေစေချင်ဘူး"

မွန်မွန်က ရှင်းပြနေသည်ကို ဦးမြင့်နွယ်က မှတ်ချက်မပေးဘဲ ခေါင်းသာညိတ် နားထောင်နေသည်။

တစ်ဖက်ခန်းနှင့် ဆက်နေသော အပေါက်ဝမှ စောစောက ဦးမြင့်နွယ်ကို တံခါးဖွင့်ပေးသူ လူကြီးပေါ်လာ၏။

သူက ခြေစုံရပ်ပြီး ဦးမြင့်နွယ်ကို မေး၏။

"ဘာယမကာများ သုံးဆောင်ပါသလဲ"

ဦးမြင့်နွယ်သည် ရုတ်တရက် ဘာဖြေရမှန်းမသိဘဲ မွန်မွန့်ကို ကြည့်၏။

မွန်မွန်က ပြုံးသည်။

"ပြောပါ ဆရာ၊ အားမနာပါနဲ့၊ ဒက်ဒီ့ဘားက စုံပါတယ်"

"သြော် . . . ဟိုဒင်း ဆရာဘာမှ မသောက်တတ်ပါဘူး နေပါစေ"

"မွန်မွန့်ကို အားနာလို့လား ဆရာ"

"မဟုတ်ပါဘူး မွန်မွန်၊ ဆရာ တကယ်ဘာမှမသောက်ပါဘူး"

"ကိုးလ်ဒရင့်ခ် တစ်ခုခုကော ဆရာ"

"ဆရာ အချိုရည်တွေ ဘာတွေလည်း သိပ်မကြိုက်ပါဘူး၊ အဲ . . . ပေးချင်ရင် ကော်ဖီပဲပေးပါ၊ ဘလက်ခ်ကော်ဖီ၊ သကြားနည်းနည်းပဲ ထည့်ပါ"

မွန်မွန်က လူကြီးဘက် လှည့်ပြော၏။

"ကြားလား ဦးလေးမြသာ၊ ဆရာ ကြိုက်သလောက် သောက်ရအောင် အလက်ထရစ်ဂျားနဲ့ ယူခဲ့ပေါ့၊ သကြားဘူးသပ်သပ်ယူခဲ့နော်"

"ကောင်းပါပြီ မွန်မွန်"

ဦးမြသာ ထွက်သွား၏။

"ဆရာက ဘာမှလည်း မသောက်တတ်ဘူးဆိုတော့ မွန်မွန့်ဆီ လာလည်ရတာ ဆရာ့အတွက် ပျင်းစရာကြီးဖြစ်နေတော့မှာပဲ"

"မပျင်းနိုင်ပါဘူး မွန်မွန်၊ ဆရာက လူတွေနဲ့ စကားပြောရတာကို ပျော်ပါတယ်၊ အထူးသဖြင့် မွန်မွန်နဲ့ စကားပြောခွင့်ရတာ ဆရာ ပျော်ပါတယ်"

"ဘာပြုလို့ ဆရာပျော်ရမှာလဲ"

"မွန်မွန်ဟာ ကဗျာဆရာမလေးတစ်ယောက်မှန်း ဆရာသိတယ်၊ ဟိုနေ့က မွန်မွန့်သီချင်း နားထောင်ရလို့ မွန်မွန့်အရည်အချင်းကိုလည်း ဆရာ အကဲခတ်နိုင်ခဲ့တယ်၊ တချို့က လူငယ်ကဗျာဆရာ စာရေးဆရာလေးတွေကို နောက်ပေါက်ကလေးတွေလို့ ခေါ်ကြတယ်၊ ဆရာကတော့ ဒီလိုမခေါ်ချင်ဘူး၊ စာပေရဲ့ အားသစ်ရှင်တွေလို့ပဲ ခေါ်ချင်တယ်၊ အားတွင်သစ်ကြတာ မဟုတ်ဘူး၊ အမြင်လည်း သစ်ကြတယ်၊ အမြင်သစ်ကြောင့်ပဲ သူတို့မှာ အားသစ်ရှိကြတာပါပဲ"

"ဒါပေမယ့် မွန်မွန်သိပါတယ်၊ မွန်မွန့်သီချင်းမှာ အားမရှိပါဘူး၊ မွန်မွန် စိတ်ကူးယဉ်ထားတာ"

"ဆရာက ယေဘုယျခြုံပြောတာပါ၊ စိတ်ကူးမယဉ်တဲ့ ကလောင်သစ်တွေလည်း အများကြီးပါ၊ ယဉ်တဲ့အချိန်လည်း ယဉ်ကြပေါ့၊ အရမ်းအပြစ်တင်လို့လည်း မရဘူး၊ ဒါပေမယ့် ခေတ်ကို သူတို့ကသာ ပြောနိုင်ကြတယ်၊ ကြီးသူတွေ မမြင်တာ မမြင်ရဲတာတွေကို သူတို့ မြင်တယ်၊ မြင်ရဲတယ်၊ လူအနေနဲ့ရော စာအနေနဲ့ပါ ဟန်မဆောင်တတ်ကြသေးဘူး၊ သူတို့နဲ့တွေ့တိုင်း ဆရာ့မှာ ပညာတိုးတယ်၊ အနည်းဆုံး စာပေအနုပညာကို ချစ်တဲ့သူချင်း စကားပြောရတာဟာ စိတ်ချမ်းသာဖို့ကောင်းပါတယ် မွန်မွန်"

မွန်မွန်က လှိုက်လှဲစွာ ရယ်၏။

"ဟိုတစ်နေ့က ဆရာပြောခဲ့တဲ့စကားကို မွန်မွန် သတိရတယ်"

**(ဆက်လက်ဖော်ပြမည်)**

> "မွန်မွန်က အမှတ်မထင် ပြောလိုက်သော်လည်း မွန်မွန့် စကားတွင် တစ်စုံတစ်ရာသော အဓိပ္ပာယ်ကို ဦးမြင့်နွယ် ခံစား သိလိုက်သည်။ သူ့အဖော်တွေနဲ့ ...သည်စကားက "စိမ်း" သည်။ မနှစ်သက် မလိုလားမှုသဘောက ဖုံးမြုပ်ပါဝင်နေသည်။ သူ၊ ငါကြား ခြားနားထားမှုအနက်လည်း ထင်နေသည်။"


## လူ့ရယ်လို့ ဖြစ်လာလျှင်

ခင်မောင်အေး (နှလုံး)

- လူတစ်ယောက်ဘဝအစပြုချိန်မှစ၍ ဘဝနေဝင်ချိန်ထိ တွေ့ကြုံရမည့်အကြောင်းအရာများ ရင်ဆိုင်ရမည့်နည်းလမ်းများကို စာရေးသူ၏ ကိုယ်တွေ့အတွေ့အကြုံများနှင့် နှိုင်းယှဉ်ကာ ဘဝလမ်းညွှန်သဖွယ်ဖြစ်အောင် စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးသည့်စာအုပ်ကောင်းတစ်အုပ် . . .
- ခေါင်းစဉ်ခွဲများစွာဖြင့် ခေါင်းစဉ်နှင့်သက်ဆိုင်သည်များကို ဖတ်ချင်စဖွယ် တိုတိုနှင့်လိုရင်းရေးသားချက်များက စာဖတ်သူအတွက် ကောင်းမွန်သောလက်ဆောင်တစ်ခု . . .

၂,၅၀၀ ကျပ်

စာမူခွင့်ပြုချက် - ၄၀၀၇၁၆၀၅၁၃

အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

တူဒေးစာအုပ်တိုက်

## ကျောက်ကပ်တုဖြင့်သွေးသန့်စင်ခြင်း မေး-ဖြေ ၁၀၀

ဒေါက်တာ မိုးအောင်ကျော်နိုင်

ကျောက်ကပ်ဝေဒနာရှင်များသိသင့်သည့် အခြေခံအချက်များပါဝင်ခြင်း၊ သွေးသန့်စင်ခြင်း၊ သွေးသန့်စင်မှုစတင်ရန် ပြင်ဆင်ခြင်း၊ Dialysis ပြုလုပ်နေစဉ် အဆင်ပြေပြေနေထိုင်ခြင်း အစရှိသော ကျောက်ကပ်တုဖြင့်သွေးသန့်စင်ခြင်း ကုသမှုဆိုင်ရာအချက်အလက်များကို ဆွေးနွေးထားသည့်စာအုပ်ကောင်းတစ်အုပ် . . .

စာအုပ်ဝယ်ယူသူများအား ဆရာကိုယ်တိုင် အမှတ်တရလက်မှတ်ရေးထိုးပေးမည့် အခမ်းအနားကို ၁၇-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ နေ့လယ် ၁၂ နာရီအချိန်ထိ တူဒေးစာအုပ်ဆိုင်၊ အမှတ် (၂၄၇)၊ ဗိုလ်ချုပ်လမ်း၊ ဗဟန်းမြို့နယ်၊ ဗဟိုတက္ကသိုလ် (မြို့မ)တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

## မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ။
- ချည်သား T.Shirt M - 950 ကျပ် (မှစ၍)
  - Shirt အကျီ - 2900 ကျပ်
  - Sport Shirt - 2950 ကျပ်
  - Style Pants - 2950 ကျပ်
  - ဦးထုပ် - 950 ကျပ်(မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၂၉၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129, 09-73045977, 09-73216251**
- **Website: www.facebook.com/moneda fashion and food wears.**
- **E-mail: kyonedoe@gmail.com**

KTH

## နားသန့်ဆေး

TMR 011584(1215)

Ph. 298735, 200975, 291478, 09-43055309.

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွှမ်းပရာဘွမ်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား လွှမ်းပရာဘွမ်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Dr. Khempheng Xay Sompheng က လွှမ်းပရာဘွမ်ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံ လွှမ်းပရာဘွမ်ပြည်နယ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်သူများအချင်းချင်း ရင်းနှီးမှုခိုင်မာရေး ဆွေးနွေး



**နေပြည်တော် မတ် ၁၂**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွှမ်းပရာဘွမ်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား လွှမ်းပရာဘွမ်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Dr. Khempheng Xay Sompheng က မတ် ၁၁ ရက် နံနက် ၁၁ နာရီတွင် လွှမ်းပရာဘွမ်ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသန့်ကျော်၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဦးစိုးတင့်၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး လွှမ်းပရာဘွမ်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ လာအိုနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် လွှမ်းပရာဘွမ်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံ လွှမ်းပရာဘွမ်ပြည်နယ်တို့အကြား လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းတို့၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များအား လွှမ်းပရာဘွမ်ပြည်နယ်အုပ်ချုပ်ရေးမှူးက Manoluck ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ခေတ်ကာလနှင့်မလျော်ညီတော့သည့် အခွန်နှုန်းထားများကို ခေတ်နှင့်အညီ ပြင်ဆင်သတ်မှတ်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း

နေပြည်တော် မတ် ၁၂

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၆)ခုဖြင့် ကျင်းပသည်။**



**ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို။**
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

အစည်းအဝေးတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏အခွန်အကောက်ဆိုင်ရာ ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များက အဆိုများတင်သွင်းကြပြီး ယင်းအဆိုများနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူကြသည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက ကဏ္ဍအလိုက် အခွန်ဘဏ္ဍာငွေ ပြည့်ဝစွာရရှိနိုင်ရေး ကော်မတီ၊ ကော်မရှင်အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ရန် အဆို၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ပြည်ထဲရေးဝန်ကြီးဌာနမှ ကောက်ခံနေသော ယစ်မျိုးခွန် အခွန်နှုန်းထားများ အမှတ်စဉ် (၁)မှ (၂၆)အထိနှင့် အမှတ်စဉ်(၂၉)တို့အား ကျွမ်းကျင်သူများနှင့်တိုင်ပင်လျက် နှုန်းထားပြန်လည်ပြင်ဆင်သတ်မှတ်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက သက်ဆိုင်ရာ ယစ်မျိုးခွန် ဥပဒေပြဋ္ဌာန်းချက်အသစ်ဖြင့် ဆောလျင်စွာ ကျင့်သုံးနိုင်ရေး တိုက်တွန်းကြောင်း အဆို၊ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက သတ္တုတွင်းဝန်ကြီးဌာနတွင် ကျင့်သုံးနေသော နိုင်ငံတော်မှ အရင်းအနှီးထည့်ဝင်မှု မရှိဘဲ နိုင်ငံတော်နှင့်လုပ်ငန်းရှင်များအကြား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ် (Production Sharing Contract)ဖြင့် လုပ်ဆောင်နေခြင်းသည် တိုင်းရင်းသားလုပ်ငန်းရှင်များအား ထိခိုက်နစ်နာစေပြီး ဈေးကွက်စီးပွားရေးစနစ်ဖြင့်လည်း မကိုက်ညီသောကြောင့် ပယ်ဖျက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆို၊ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမြင့်က အခွန်ယိုဖိတ်မှုမရှိစေရန် အခွန်ထမ်းဆောင်ရမည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီအဖွဲ့အစည်းစာရင်းကို (၆)လ တစ်ကြိမ်စိစစ်ရန် ဝန်ထမ်းနှင့်အခြားလိုအပ်ချက်များ တိုးချဲ့ဖွဲ့စည်းပြီး အခွန်ကောက်ခံရရှိငွေကို တစုတစည်းတည်းဖြစ်စေရန် ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး၏ အခွန်အခဝင်ငွေကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန တစ်ခုတည်းသို့သာ ပေးသွင်းရန်နှင့် အခွန်ထမ်းပြည်သူတို့က လိုက်နာပေးဆောင်ရမည့် အခွန်ရာခိုင်နှုန်းများနှင့်စပ်လျဉ်း၍ ပြည်သူတို့၏ သဘောထားဆန္ဒနှင့်အညီ

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖**



**ရောဝတီတိုင်းဒေသကြီး သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း။**
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)


**ယနေ့ မာတိကာ**

Psy ၏ အယ်လ်ဘမ်သစ် ဧပြီလတွင် ထွက်မည် — စာမျက်နှာ - ၁၂

ချန်ပီယံလိဂ်ဝင်ခွင့် အခက်တွေ့မည့် အာဆင်နယ် — စာမျက်နှာ - ၁၃

ကရာတေးဒိုပြိုင်ပွဲ အောင်ဆန်းကွင်း၌ ကျင်းပမည် — စာမျက်နှာ - ၁၃

မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ် သုံးစွဲသူများအား ဖမ်းဆီး — စာမျက်နှာ - ၁၄



